


ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန

# ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော/ သဘာဝနယ်မြေ ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ

# ကြိုးဝိုင်းတောဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

# ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောဖွဲ့စည်းသတ်မှတ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

## (က) ကြိုးဝိုင်းတောဖွဲ့စည်းခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

**ကြိုးဝိုင်းတောများဖွဲ့စည်းတည်ထောင်ခြင်း။** ၁၉၉၂ခုနှစ်တွင်ထုတ်ပြန်ခဲ့သည့် သစ်တော ဥပဒေပုဒ်မ ၄ အရဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သဘာဝ တောတောင်၊ ရေ၊ မြေတို့ကို ထိန်းသိမ်းကာကွယ်ရန်အလို့ငှာ အစိုးရကစီမံခန့်ခွဲခွင့်ရှိသော မြေတွင် နယ်နိမိတ်သတ်မှတ်၍ အောက်ပါကြိုးဝိုင်းတောအမျိုးအစားများကို ဖွဲ့စည်း နိုင်သည်-

- (က) စီးပွားရေးသစ်ထုတ်ကြိုးဝိုင်းတော
- (ခ) ဒေသန္တရထောက်ပံ့ရေးကြိုးဝိုင်းတော
- (ဂ) ရေဝေရေလဲထိန်းသိမ်းရေးကြိုးဝိုင်းတော
- (ဃ) သဘာဝဝန်းကျင်နှင့် ဇီဝမျိုးများထိန်းသိမ်းရေးကြိုးဝိုင်းတော
- (င) အခြားကြိုးဝိုင်းတောအမျိုးအစားများ

### လုပ်ငန်းစဉ်(၁)။ ကြိုးဝိုင်းတောဖွဲ့စည်းရန်အဆိုပြုတင်ပြခြင်း။

ကြိုးဝိုင်းတောဖွဲ့စည်းရန်အဆိုပြုတင်ပြရာ၌ အောက်ပါလုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆောင်ရွက်ရပါမည်-

(က) ကြိုးဝိုင်းတော ဖွဲ့စည်းတည်ထောင်မည့်ဧရိယာကို ကွင်းဆင်းလေ့လာပြီး မြေပုံညွှန်းများဖော်ပြ၍ နယ်နိမိတ် (Preliminary Demarcation) သတ်မှတ်ခြင်း၊

- နယ်မြေအခြေအနေအရ ကွင်းဆင်းနိုင်ခြင်း မရှိသောနေရာဖြစ်လျှင် မြေပုံပေါ်တွင် နယ်နိမိတ်သတ်မှတ်ခြင်း၊ (Insurgent Area)

(ခ) ကြိုးဝိုင်းတောဖွဲ့စည်းမည့်ဧရိယာ၏ တည်နေရာပြမြေပုံ (၁"-၁မိုင် စကေး)နှင့် ဧရိယာပြမြေပုံ (၄"-၁မိုင် စကေး)တို့ကို ရေးဆွဲ၍ ကြိုးဝိုင်း တောဖွဲ့စည်းတည်ထောင်ရန် အဆိုပြုချက် တင်ပြခြင်း၊ (မြို့နယ်/ခရိုင် သစ်တောဦးစီးဌာနမှ ဆောင်ရွက်၍ ဦးစီးရုံးချုပ်သို့ အဆင့်ဆင့် တင်ပြရပါမည်။) ကြိုးဝိုင်းတောတစ်ခုစီ၏ အဆိုပြုလွှာတွင် အောက်ပါ အချက်အလက်များပါဝင်ရပါမည်-

(၁) ကြိုးဝိုင်းတောဖွဲ့စည်းတည်ထောင်ရန် အဆိုပြုသောဒေသ၏ အထွေထွေဖော်ပြချက်။ (အမည်နှင့် အမျိုးအစား၊ ဧရိယာ အကျယ်အဝန်း၊ တည်နေရာနှင့် နယ်နိမိတ် အလားအလာ စသည်ဖြင့်)

(၂) သစ်တောတွင်ပါဝင်သော သစ်ပင်များနှင့် သစ်တောအခြေအနေ

(၃) သစ်တောများ၏ အတိတ်ရာဇဝင်

(၄) ဖွဲ့စည်းသတ်မှတ်မည့်ဒေသနှင့် သက်ဆိုင်သောလူများ

(၅) တောင်းဆိုမည့်အဖွဲ့အစည်းများ

(၆) ကြိုးဝိုင်းတောပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်

(၇) ဖွဲ့စည်းမည့်သစ်တောအားအသုံးချနိုင်ခြင်း

(၈) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ ထောက်ခံချက် နှင့် မြေအမျိုးအစားဖော်ပြချက်

(၉) တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏သဘောတူညီကြောင်း ခွင့်ပြုချက်

(၁၀) လိုအပ်သောအရာထမ်း၊ အမှုထမ်းအင်အားစုစသည့် ခေါင်းစဉ် များဖြင့် ပြည့်စုံစွာဖော်ပြရပါမည်။

(ဂ) သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ တင်ပြလာသည့် အဆိုပြု လွှာတစ်ခုချင်းစီအပေါ် လိုအပ်သည့်စာရွက်စာတမ်းများ ပြည့်စုံမှုရှိ/ မရှိ လေ့လာစိစစ်၍ ကြိုးဝိုင်းတောဖွဲ့စည်းတည်ထောင်နိုင်ရန် ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးရုံးသို့ ဆက်လက်တင်ပြခြင်း၊ ဤကဲ့သို့ တင်ပြရာတွင် ကြိုးဝိုင်း တောဖွဲ့စည်းတည်ထောင်ရန် ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာ (မူကြမ်း) ကိုပြုစု၍ တည်နေရာပြမြေပုံ နှင့်တကွ ပူးတွဲတင်ပြရပါမည်၊

## လုပ်ငန်းစဉ်(၂)။ ရည်ရွယ်ကြောင်းအမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း

ပြည်ထောင်စုဝန်ကြီးသည် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးမှ တင်ပြလာသည့် ကြိုးဝိုင်းတောဖွဲ့စည်းတည်ထောင်ရန်ကိစ္စကို သဘောတူလျှင် သစ်တော

ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (က)အရ ကြိုးဝိုင်း တော ဖွဲ့စည်းတည်ထောင်ရန် ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ရပါသည်။

**လုပ်ငန်းစဉ်(၃)။ ကြေးတိုင်အရာရှိခန့်အပ်ခြင်း**

ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာတွင် ကြိုးဝိုင်းတောဖွဲ့စည်း တည်ထောင်မည့်ဒေသ၏ တည်နေရာနှင့် အကျယ်အဝန်း၊ အရှေ့၊ အနောက်၊ တောင်၊ မြောက်နယ်နိမိတ် (၄)ရပ်၏ အသေးစိတ်ဖော်ပြချက်နှင့်တကွ သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(ခ)အရကြိုးဝိုင်းတော ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကိုသတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးဆုံးဖြတ်ပေးနိုင်ရန်နှင့် ကြိုးဝိုင်းတောနယ်နိမိတ် သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောကြေးတိုင် အရာရှိ (၁)ဦး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ် (သို့) ခရိုင်အဆင့်ရှိဝန်ထမ်းကိုခန့်အပ်တာဝန်ပေးအပ်ရပါသည်။)

**လုပ်ငန်းစဉ်(၄)။ သစ်တောကြေးတိုင်အရာရှိမှ ကြေးတိုင်လုပ်ငန်းများဆောင်ရွက်ခြင်း**

(က) ကြိုးဝိုင်းတောဖွဲ့စည်းရန် ရည်ရွယ်ကြောင်းအမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးနောက် ရက်ပေါင်း(၃၀)အတွင်း သစ်တောကြေးတိုင်အရာရှိသည် ကြိုးဝိုင်းတောဖွဲ့စည်းမည့် ဒေသ၏ တည်နေရာ၊ နယ်နိမိတ်များကို ဖော်ပြ၍ သက်ဆိုင်ရာဒေသတွင် နေထိုင်ကြသော အများပြည်သူတို့ သိရှိစေရန် ကြိုးဝိုင်းတောဖွဲ့စည်းမည်ဖြစ်ကြောင်း ကြေညာထုတ်ပြန်ရပါမည်။ ကြေညာချက်တွင် သက်ဆိုင်သူများကတောင်းဆိုလိုသည့် အခွင့်အရေးများနှင့် တင်ပြလိုသည့် ဆိုင်ရာဆိုင်ခွင့်များကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း(၉၀)အတွင်း ကြေးတိုင်အရာရှိထံစာဖြင့် တင်ပြကြရန် ဖော်ပြရမည်။ **သစ်တောကြေးတိုင်ပုံစံ (၁)**ဖြင့် ဖော်ပြရပါသည်။

(ခ) ဆိုင်ရာဆိုင်ခွင့် လျှောက်ထားချက်များနှင့်ပတ်သက်၍ သက်သေထွက်ဆိုချက်များကိုရေးမှတ်ရယူရပါမည်။ **သစ်တောကြေးတိုင်ပုံစံ (၂)**ဖြင့် ဖော်ပြရပါသည်။

(ဂ) ဆိုင်ရာဆိုင်ခွင့် တောင်းဆိုချက်များကိုမှတ်တမ်းသွင်းလျက် စစ်ဆေးစိစစ်၍ အမိန့်ချမှတ်ရမည်။ **သစ်တောကြေးတိုင်ပုံစံ (၃)** ဖြင့် ဖော်ပြရပါသည်။ မြေသိမ်းရန်ရှိလျှင် မြေသိမ်းအက်ဥပဒေနှင့်အညီ ဆောင်ရွက်ရပါသည်။

(ဃ) ဆိုင်ရာဆိုင်ခွင့်တောင်းဆိုသည့် အချက်များနှင့်ပတ်သက်၍ သစ်တောကြေးတိုင် အရာရှိကချမှတ်သောအမိန့်ကိုမကျေနပ်သူသည် ဆုံးဖြတ်ချက်ချသည့်နေ့မှ ရက်ပေါင်း(၆၀)အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ အယူခံနိုင်ခွင့်ရှိကြောင်းကြေညာရပါမည်။ **သစ်တောကြေးတိုင်ပုံစံ (၃)**ဖြင့်ပင် ဖော်ပြရပါသည်။

(င) ဆိုင်ရာဆိုင်ခွင့် လျှောက်ထားချက်များနှင့်ပတ်သက်၍ လျော်ကြေးငွေပေးရန်ရှိပါကထောက်ခံတင်ပြရပါမည်။ **သစ်တောကြေးတိုင်ပုံစံ (၄)**ဖြင့် ဖော်ပြရပါသည်။

(စ) ကြိုးဝိုင်းတောဖွဲ့စည်းရန် ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာပါ ကြိုးဝိုင်းတောနယ်နိမိတ်ကိုစစ်ဆေးစိစစ်၍ ပြောင်းလဲမှုရှိလျှင် ပြန်လည်သတ်မှတ်၍ အတည်ပြုသည့် နယ်နိမိတ်ကိုမြေပုံဖြင့် တင်ပြရပါမည်။

(ဆ) ကြိုးဝိုင်းဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရန်အတွက် အမိန့်ကြော်ငြာစာ(မူကြမ်း)ကိုပြုစုတင်ပြရပါမည်။ **သစ်တောကြေးတိုင် ပုံစံ (၅)**ဖြင့် ဖော်ပြရပါသည်။

(ဇ) သစ်တောကြေးတိုင်လုပ်ငန်းများအားလုံးပြီးစီးလျှင်သစ်တောကြေးတိုင် ပုံစံ (၁) (၂) (၃) (၄) (၅)တို့ဖြင့် သစ်တောကြေးတိုင်အရာရှိ၏ အစီရင်ခံစာပြုစု၍ အစီရင်ခံစာ(၃)စောင်ကိုသစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရပါသည်။

**လုပ်ငန်းစဉ်(၅)။ ကြိုးဝိုင်းတောအဖြစ်ဖွဲ့စည်းကြောင်းအမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း**

(က) သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ကြိုးဝိုင်းတောဖွဲ့စည်းတည်ထောင်ရန်အတွက် သစ်တောကြေးတိုင်အရာရှိမှ တင်ပြလာသောကြေးတိုင်အစီရင်ခံစာများကို စိစစ်ပြီးပါက အမိန့်ကြော်ငြာစာ (မူကြမ်း) ကိုပြုစု၍ ကြေးတိုင်အစီရင်ခံစာနှင့်အတူ ပြည်ထောင်စုဝန်ကြီးထံ တင်ပြရပါသည်။

(ခ) ပြည်ထောင်စုဝန်ကြီးသည် အစီရင်ခံစာများကိုစိစစ်သုံးသပ်၍ ကြိုးဝိုင်းတောအဖြစ် ဖွဲ့စည်းတည်ထောင်ခြင်းအမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ သဘောတူညီချက် ရယူရပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရရှိလျှင် သစ်တောဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ(ဃ)အရကြိုးဝိုင်းတောအဖြစ် ဖွဲ့စည်းတည်ထောင်ကြောင်း အမိန့်ကြော်ငြာစာကိုထုတ်ပြန်ရပါသည်။

(ဂ) အမိန့်ကြော်ငြာစာတွင် ကြိုးဝိုင်းတော၏ အမည်နှင့်တည်နေရာ၊ အကျယ်အဝန်း၊ နယ်နိမိတ်အလားအလာ (၄)ရပ်ဖော်ပြချက်၊ တားမြစ်ချက်များ၊ ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်များနှင့် တားမြစ်ချက်များကို ဖောက်ဖျက်ပါက ချမှတ်မည့်ပြစ်ဒဏ်များ စသည်တို့ကို စုံလင်စွာဖော်ပြရပါသည်။

**လုပ်ငန်းစဉ်(၆)။ ကြိုးဝိုင်းတောအပြီးသတ်နယ်နိမိတ်ပြုလုပ်ခြင်း**

(က) ကြိုးဝိုင်းတော ဖွဲ့စည်းတည်ထောင်ခြင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးနောက် သက်ဆိုင်ရာဧရိယာသို့ ကွင်းဆင်း၍ အတည်ပြုထားသည့် နယ်နိမိတ်အတိုင်း အပြီးသတ် နယ်နိမိတ်သတ်မှတ်ခြင်းကို မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများကတစ်နှစ်အတွင်း အပြီးဆောင်ရွက်ရပါမည်။

(ခ) နယ်နိမိတ်ပြုလုပ်ခြင်း၊ ဘုတ်တိုင်များ၊ ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခြင်းများပြီးစီးပါက နယ်နိမိတ် တိုင်းတာထားသည့် မှတ်တမ်းများ၊ မြေပုံများနှင့် မြေတိုင်းမှတ်စုစာအုပ်များကို ကြိုးဝိုင်းတစ်ခုခြင်းအတွက်

သက်ဆိုင်ရာခရိုင် သစ်တောဦးစီးဌာနမှူးရုံးတွင် ပြုစုထိန်းသိမ်းထားရပါမည်။ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးသို့လည်း တစ်စုံ ပေးပို့ရမည် ဖြစ်ပါသည်။



(မူကြမ်း)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
# ပြည်ထောင်စုဝန်ကြီးရုံး

**အမိန့်ကြော်ငြာစာအမှတ် (　　　　)**

နေပြည်တော်၊　　　ခုနှစ်၊　　　　　လဆန်း/လပြည့်ကျော်　　ရက်

(　　　　　ခုနှစ်၊　　　လ　　　ရက်)

## ကြိုးဝိုင်းတောဖွဲ့စည်းရန်ရည်ရွယ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံ သစ်တောဥပဒေဥပဒေ ပုဒ်မ(၆)၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ ----------တိုင်းဒေသကြီး/ပြည်နယ်၊ --------ခရိုင်၊ -----------မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (--------)ဧကရှိသော နယ်မြေကို “--------------ကြိုးဝိုင်းတော” အဖြစ် ---------- ခုနှစ်၊ ------------လဆန်း/ လပြည့်ကျော် ------ ရက် (--------ခုနှစ်၊ --------------လ ------- ရက်)မှစ၍ ဖွဲ့စည်းရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

### ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက်　။　---------------------------------------------------------------
---------------------------------------------------------------
----------------------------------------------------------။

အရှေ့ဘက်　။　---------------------------------------------------------------
---------------------------------------------------------------
----------------------------------------------------------။

တောင်ဘက်　။　-----------------------------------------------------------------
-----------------------------------------------------------------
----------------------------------------------------------။

အနောက်ဘက်　။　-----------------------------------------------------------------
-----------------------------------------------------------------
----------------------------------------------------------။

## ၂။ <u>သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း</u>

ကြိုးဝိုင်းတောဖွဲ့စည်းကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများ ပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်း များနှင့်အညီ စုံစမ်း စစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးဝိုင်းနယ်နိမိတ်များ ဖွဲ့စည်းရေး လုပ်ငန်းများကို ဆောင်ရွက် နိုင်ရန် သစ်တောဥပဒေပုဒ်မ(၆)၊ ပုဒ်မခွဲ(ခ)အရ ------------- မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးအား သစ်တောကြေးတိုင် အရာရှိအဖြစ် ခန့်အပ် လိုက်သည်။

**(ပုံ) ------------**
**ပြည်ထောင်စုဝန်ကြီး**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

<u>သစ်တော</u>

အထွေထွေ-၁၁၂

သစ်တောကြေးတိုင်ပုံစံ-၁

-------------ခုနှစ်၊--------------လ၊ ( )ရက်စွဲပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ အမိန့်ကြော်ငြာစာအမှတ် ( / ) အရ၊ ခန့်ထားသည့် ကြေးတိုင်အရာရှိက ထုတ်ပြန်သော ကြေညာချက်။

သက်ဆိုင်သူအားလုံး သိစေရန် ကြေညာလိုက်သည်။

၁။ အောက်ဖော်ပြပါနယ်နိမိတ်အတွင်းရှိ သစ်တောမြေကို "-----------------------------------" အမည်ဖြင့် ကြိုးဝိုင်းဖွဲ့စည်းတည်ထောင်ရန် ရည်ရွယ်ပါသည်။

<u>နယ်နိမိတ်တည်နေရာမှာ အောက်ပါအတိုင်းဖြစ်သည်။</u>

မြောက်ဘက် ။ ။

အရှေ့ဘက် ။ ။

တောင်ဘက် ။ ။

အနောက်ဘက်။ ။

<u>ချန်လှပ်ကွက်နယ်နိမိတ် (ရှိပါက)</u>

မြောက်ဘက်။ ။

နှင့်

အရှေ့ဘက်။ ။

တောင်ဘက်။ ။

နှင့်

အနောက်ဘက်။ ။

ထိုကြိုးဝိုင်းတောကို "-------------------------" ဟုခေါ်တွင်စေရမည်။ ခန့်မှန်းခြေဧရိယာ အကျယ်အဝန်း ( ) စတုရန်းမိုင်ခန့် ရှိပါသည်။

၂။ ဤကြေညာချက်ကို ထုတ်ပြန်သည့်နေ့မှစ၍ အထက်ဖော်ပြပါ နယ်နိမိတ်အတွင်းရှိမြေကို ကြိုးဝိုင်းတောအဖြစ် ပြဌာန်းပြီးကြောင်း အပြီးသတ် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းမပြုမီ အချိန်အတွင်း ယင်းမြေပေါ်တွင် အမွေဆက်ခံခွင့်အရ သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သို့မဟုတ် ၎င်း၏ကိုယ်စား ချထားပေးသည့်

အပိုင်ပတ္တာ သို့မဟုတ် ပဋိညာဉ်စာချုပ်အရ သို့မဟုတ် ဤကြော်ငြာစာ ထုတ်ပြန်သည့် နေ့တွင် ဆိုင်ရာဆိုင်ခွင့် တစ်စုံတစ်ရာကို ခွင့်ပြုရန်အတွက် အာဏာအပ်နှင်းခြင်းခံရသူ၏ ခွင့်ပြုချက်အရမှတစ်ပါး မည်သည့်ဆိုင်ရာဆိုင်ခွင့်ကို မည်သူတွင်မျှ မရှိစေရ။ ထို့အပြင် အောက်တွင် လက်မှတ်ရေးထိုးထားသူ သစ်တောကြေးတိုင်အရာရှိ သို့မဟုတ် ၎င်းအား ဆက်ခံသူ၏ ခွင့်ပြုချက်မှတစ်ပါး အထက်ဖော်ပြပါမြေပေါ်တွင် အိမ်ယာအသစ် ဆောက်လုပ်ခြင်း၊ စိုက်ခင်းတည်ထောင်ခြင်း၊ တောင်ယာစိုက်ပျိုးရန်မှအပ လယ်ယာစိုက်ပျိုးရန်နှင့် အခြားကိစ္စတစ်စုံတစ်ရာ အတွက် တောခုတ်ထွင် ရှင်းလင်းခြင်း၊ ရောင်းဝယ်ဖောက်ကားရန်အတွက် သစ်ပင်ခုတ်လှဲခြင်းတို့ကို မပြုလုပ်ရ။ သို့သော် ယင်းသစ်တောကို အပြီးသတ်အနေဖြင့် ကြိုးဝိုင်း သတ်မှတ်ခြင်း မပြုမီအတွင်း ထိုမြေပေါ်တွင် တောင်ယာစိုက်ပျိုးလုပ်ကိုင်လေ့ရှိသူအား တရားသဖြင့် တောခုတ်ထွင် ရှင်းလင်းခြင်းကိုမူ တားမြစ်လိမ့်မည်မဟုတ်။

၃။ အထက်ဖော်ပြပါမြေကို ကြိုးဝိုင်းတောအဖြစ် ဖွဲ့စည်းပြီးသည့်အခါ အောက်ပါအကျိုးအပြစ်များ သက်ရောက်စေလိမ့်မည်။

(က) အောက်တွင် လက်မှတ်ရေးထိုးသူ သစ်တောကြေးတိုင်အရာရှိ သို့မဟုတ် ၎င်းအား ဆက်ဆံသူထံသို့ တင်ပြအရေးဆိုခြင်း မပြုသည့် ဆိုင်ရာဆိုင်ခွင့်များမှာ ကြိုးဝိုင်းအဖြစ် ကြေညာသည့် အမိန့်ကြော်ငြာစာမထုတ်မီ အောက်ပါအပိုဒ် (၄)တွင် သတ်မှတ်ထားသော အချိန်အတွင်း တင်ပြအရေးဆိုခြင်းမပြုလျှင် ပျက်ပြယ်ပြီး ဖြစ်စေလိမ့်မည်။

(ခ) အဆိုပါမြေကို ကြိုးဝိုင်းတောအဖြစ် ကြေညာပြီးနောက် ယင်းမြေတွင် အမွေဆက်ခံခွင့် အရဖြစ်စေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သို့မဟုတ် ၎င်း၏ကိုယ်စား ချထားပေးသည့် အပိုင်ပတ္တာ သို့မဟုတ် ပဋိညာဉ်စာချုပ် အရဖြစ်စေ၊ ဤကြေညာချက် ထုတ်ပြန်သည့်နေ့တွင် ဆိုင်ရာဆိုင်ခွင့် တစ်စုံတစ်ရာကို ခွင့်ပြုရန်အတွက် အာဏာအပ်နှံခြင်းခံရသူ၏ ခွင့်ပြုချက်အရဖြစ်စေ၊ ရရှိသည့်အခွင့်အရေးမှတစ်ပါး မည်သည့် ဆိုင်ရာ ဆိုင်ခွင့်ကိုမျှ ရပိုင်ခွင့် မရှိစေရ။

(ဂ) အဆိုပါ အမိန့်ကြော်ငြာစာအရ ခွင့်ပြုသည့် စားကျက်ချပိုင်ခွင့် သို့မဟုတ် သစ်တောထွက်ပစ္စည်းထုတ်ယူခြင်းကိုအပိုင်ပတ္တာအနေဖြင့်လည်းကောင်း၊ အပေါင်အနှံ အနေဖြင့်လည်းကောင်း၊ အခြားနည်းဖြင့် လည်းကောင်း၊

အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ ဆက်ခံပိုင်ခွင့် သို့မဟုတ် လွှဲပြောင်းပေးအပ်ခွင့်မရှိစေရ။ သို့သော် ထိုစားကျက်ချခွင့် သို့မဟုတ် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်သည်မြေ သို့မဟုတ် အိမ်နှင့်စပ်လျဉ်း၍ အကျိုးဖြစ်ထွန်းစေရန် ခွင့်ပြုခဲ့ပါမူ ထိုသို့ ဆိုင်ရာမြေ သို့မဟုတ် အိမ်ကို ဆိုခဲ့သည့် အခွင့်အမိန့်မရှိဘဲ ရောင်းချပိုင်ခွင့် သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းပေးခွင့်ရှိသည်။ ယင်းအမိန့် ကြော်ငြာစာတွင် သစ် သို့မဟုတ် အခြားသစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုရာ၌ မည်၍မည်မျှအား ရောင်းပိုင်ခွင့် သို့မဟုတ် ဖလှယ်ပိုင်ခွင့်ရှိကြောင်း ဖော်ပြပါရှိရမည်။

(ဃ) အစိုးရ၏ကြိုတင်ခွင့်ပြုချက်ဖြင့်သော်လည်းကောင်း သို့မဟုတ် အာဏာရအရာရှိအမိန့်ဖြင့်သော်လည်းကောင်း ယင်းကြိုးဝိုင်းအတွင်း အများပြည်သူနှင့်သက်ဆိုင်သည့် သို့မဟုတ် တစ်ဦးတစ်ယောက်တည်းနှင့် သက်ဆိုင်သော လမ်း သို့မဟုတ် ရေကြောင်း သွားလာခွင့်တို့ကို ပိတ်ပင်ခွင့်ရှိသည်။ သို့သော် ထိုသို့ပိတ်ပင်သည့်လမ်း သို့မဟုတ် ရေကြောင်းသွားလာခွင့်အတွက် အစိုးရက သင့်တော်သည်ဟုယူဆသော အခြားလမ်း သို့မဟုတ် ရေကြောင်းသွားလာခွင့်ရှိပြီး ဖြစ်ရစေမည်။

(င) မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် (၆)လအထိဖြစ်စေ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(၁) ကြိုးဝိုင်းတောအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(၂) ကြိုးဝိုင်းတောအတွင်း အိမ်မွေးတိရစ္ဆာန်များ စားကျက်ချခြင်း သို့မဟုတ် ကျူးကျော် ဝင်ရောက်စေခြင်း၊

(၃) ကြိုးဝိုင်းတောအတွင်း ခွင့်ပြုမိန့်မရဘဲ မြေကို ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(၄) ကြိုးဝိုင်းတောအတွင်း ရေစီးရေလာ ပျက်စီးစေခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း၊

(၅) ကြိုးဝိုင်းတောအတွင်း တိရစ္ဆာန်များ ဖမ်းဆီးခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် ငါးဖမ်း ခြင်း၊

(၆) ကြိုးဝိုင်းတောအတွင်း သစ်တောများ မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်များထားရှိခြင်း၊ လယ်ယာ စိုက်ပျိုးလုပ်ကိုင်ရန်ဖြစ်စေ၊ အခြားကိစ္စအတွက်ဖြစ်စေ၊ မြေကို ခုတ်ထွင်ရှင်းလင်းလျှင် အထက်ပါ ပြစ်ဒဏ်များကို ကျခံရမည့်အပြင် ဆုံးရှုံးသည့်သစ်တောအတွက် လျော်ကြေးကို တရားရုံးက စီရင်ဆုံးဖြတ်သည့်အတိုင်း ပေးဆောင်ရမည်။ သို့ရာတွင်(က) အစိုးရကပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ သို့မဟုတ် အာဏာရသစ်တောအရာရှိ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊ (ခ) ကြိုးဝိုင်းတောအဖြစ် ကြေညာသည့် အမိန့်ကြော်ငြာစာအရ ခွင့်ပြုချက်ဖြင့် တောင်ယာခုတ်ခြင်း၊ (ဂ) ယင်းကြော်ငြာစာအရ ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်အရ ဆောင်ရွက်ခြင်းများဖြစ်စေ ကာမူ ဖော်ပြပါပြစ်ဒဏ်များကို ကျခံရန်မလိုပါ။

(စ) မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၂၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၂နှစ်အထိဖြစ်စေ၊ ပြစ်ဒဏ်နှစ် ရပ်လုံးဖြစ်စေ ကျခံစေရမည်- ကြိုးဝိုင်းတောအတွင်းရှိ မည်သည့်သစ်ပင်ကိုမဆို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး သို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း တို့ဖြစ်သည်။

(ဆ) မည်သူမဆို သစ်တောနယ်မြေတွင်ဖြစ်စေ၊ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေတွင်ဖြစ်စေ၊ ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းပင်ကို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ် ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး သို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း၊ ကျွန်းသစ်ကို ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်း ပြုလျှင် ထိုသူအား ငွေဒဏ် ၅၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၇ နှစ်အထိ ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ဈ) ယင်းကြိုးဝိုင်းတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို မီးမလောင်စေရန် ကာကွယ်ထားပါက ကြိုးဝိုင်းတောအတွင်း ဆိုင်ရာဆိုင်ခွင့်ရရှိသူ၊ တောင်ယာလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ၎င်းသူတို့စေခိုင်းသူ မည်သူမဆို တမင်သက်သက် ကျူးလွန်လိုသည့် သဘောနှင့်ဖြစ်စေ၊ ပေ့ါဆမှုကြောင့်ဖြစ်စေ၊ ၎င်းသစ်တောအတွင်း မီးလောင်စေလျှင်သော်လည်းကောင်း၊ အဆိုပါကြိုးဝိုင်းတောအတွင်း ဆိုင်ရာဆိုင်ခွင့် ရရှိသူ မည်သူမဆို အထက်ဖော်ပြပါအပိုဒ်ငယ်(ဂ)တွင် ပြဋ္ဌာန်းချက်များကို ကျူးလွန်ခဲ့လျှင်သော်လည်းကောင်း၊ ဆိုခဲ့ သည့်အတိုင်း မီးလောင်စေသည့် အမှုနှင့်စပ်လျဉ်း၍ အထက်ဖော်ပြပါ အပိုဒ်ငယ်(င)တွင် ပါရှိသည့် အပြစ်ဒဏ်များကို ကျခံရပြီးဖြစ်စေကာမူ၊ အစိုးရက ယင်းကြိုးဝိုင်းတော တစ်ခုလုံးတွင်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသတွင်ဖြစ်စေ၊ စားကျက်ချပိုင်ခွင့်၊ သစ်တောထွက်ပစ္စည်းများ ရယူပိုင်ခွင့်အားလုံးကိုသော်လည်းကောင်း၊ တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ပယ်ဖျက်ရန် သို့မဟုတ် အစိုးရက သင့်လျော်မည်ထင်သည့် ကာလ အပိုင်းအခြားအတွင်း ရပ်ဆိုင်းထားရန် သို့မဟုတ် တောင်ယာလုပ်ကိုင်စိုက်ပျိုးခြင်းကို ပြန်လည်ရုပ်သိမ်းရန် အစိုးရတွင် အာဏာရှိသည်။

၄။ အထက်တွင် သတ်မှတ်ဖော်ပြထားသည့် မြေပေါ်တွင် သို့မဟုတ် သစ်တောထွက်ပစ္စည်းအပေါ် တွင် စိတ်ဝင်စားသူများသည် ဆိုင်ရာဆိုင်ခွင့် ရရှိရေးအတွက် အရေးဆိုခြင်း သို့မဟုတ် တောင်ယာ စိုက်ပျိုးလုပ်ကိုင်ခွင့် ရရှိရန်အတွက် အရေးဆိုခြင်းစသည်တို့ကို .............ခုနှစ်၊ ................လ၊ (.........)ရက်နေ့မတိုင်မီ စာဖြင့်သော်လည်းကောင်း၊ ကိုယ်တိုင်သော်လည်းကောင်း၊ အောက်တွင် လက်မှတ်ရေးထိုးထားသူ သစ်တောကြေးတိုင်အရာရှိ သို့မဟုတ် ၎င်းအား ဆက်ခံသူထံသို့ တင်သွင်း လျှောက်ထားကြရပါမည်။

သစ်တောကြေးတိုင်အရာရှိ

<u>သစ်တော</u>

အထွေထွေ-၁၁၃

သစ်တောကြေးတိုင်ပုံစံ-၂

ဤပုံစံကို အောက်ပါကိစ္စများအတွက် အသုံးပြုရန်ဖြစ်သည်။

(၁) ကြေညာချက်ကို မည်သို့ထုတ်ပြန်ကြောင်းနှင့် မည်သို့ရှင်းလင်းခဲ့ကြောင်း ဖော်ပြရန်။

(၂) ဆိုင်ရာဆိုင်ခွင့် လျှောက်ထားချက်အမှတ် ------------- အတွက် သက်သေ ထွက်ဆိုချက် ရေးမှတ်ရန်။

(၃) သစ်တောကြေးတိုင်အရာရှိ၏ အစီရင်ခံစာရေးသားရန်။

(၄) မြို့နယ်သစ်တောအရာရှိ၏ မှတ်စုရေးသားရန်။

(၅) ခရိုင်သစ်တောအရာရှိ၏ မှတ်ချက်ရေးသားရန်။

(၆) တိုင်းဒေသကြီး/ပြည်နယ် သစ်တောအရာရှိ၏ မှတ်ချက်ရေးသားရန်။

(မသက်ဆိုင်သည့် ခေါင်းစဉ်များကို ဖျက်ပစ်ရန်နှင့် ခေါင်းစဉ် (၃) (၄) နှင့် (၅) တို့အတွက် ဤစာမျက်နှာတစ်ဘက်ကိုသာ အသုံးပြုရန်)

<u>သစ်တော</u>

အထွေထွေ-၁၁၄

သစ်တောကြေးတိုင်ပုံစံ-၃

(စာမျက်နှာ-၁)

ဆိုင်ရာဆိုင်ခွင့် လျှောက်ထားချက်အမှတ်စဉ် ----------------

| စဉ် | အမည် | အဘအမည် | ယာမြေ(ဧက) | နေရပ် |
|---|---|---|---|---|
| | | | | |

သစ်တောကြေးတိုင်အရာရှိ

နေရပ်။

ရက်စွဲ။

သစ်တောကြေးတိုင်ပုံစံ(၃)အဆက်

(စာမျက်နှာ-၂)

| ဆိုင်ရာဆိုင်ခွင့်တောင်းဆိုသည့်အချက်များ | | သစ်တောကြေးတိုင်အရာရှိအမိန့် |
|---|---|---|
| (၁) | | (၁) |
| (၂) | | (၂) |
| (၃) | | (၃) |

ဆိုင်ရာဆိုင်ခွင့်လျှောက်ထားသူ သို့မဟုတ် ၎င်း၏ကိုယ်စား --------------------- ------------------------ သိစေရန်မှာ အထက်ပါအမိန့်များကို အစိုးရက ပြန်လည်ပြင်ဆင်လိုလျှင် ပြင်ဆင်နိုင်သည့်အလျှောက် ထိုအမိန့်များနှင့်ပတ်သက်၍ ယနေ့မှ သုံးလအတွင်း (ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန)ထံ အယူခံနိုင်ခွင့်ရှိသည်။

အယူခံလွှာကို အထက်ပါအယူခံမှု လက်ခံစစ်ဆေးမည့်သူထံသို့ တိုက်ရိုက်ဖြစ်စေ၊ ကျွန်ုပ်ထံမှ တစ်ဆင့်ဖြစ်စေ တင်သွင်းနိုင်သည်။

သစ်တောကြေးတိုင်အရာရှိ

နေရပ်။

ရက်စွဲ။

<u>သစ်တော</u>

အထွေထွေ-၁၁၅

သစ်တောကြေးတိုင်ပုံစံ-၄

အစိုးရက ခွင့်ပြုရန် ထောက်ခံတင်ပြသည့် လျော်ကြေးငွေစာရင်း။

| အမှတ်စဉ် | ဆိုင်ရာဆိုင်ခွင့်လျှောက်ထားချက်အမှတ် | လျော်ကြေးငွေပေးရန်အတွက် ထောက်ခံခြင်းခံရသူ၏အမည် | ထောက်ခံသည့်ငွေပေါင်း |
|---|---|---|---|
| | | | |

သစ်တောကြေးတိုင်အရာရှိ

နေရပ်။

ရက်စွဲ။

<u>သစ်တော</u>

အထွေထွေ-၁၁၆

သစ်တောကြေးတိုင်ပုံစံ-၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ်၊ (------------/--------)

နေပြည်တော်၊ ------------ခုနှစ်၊ ------------------လ၊ ------ရက်

(------------ခုနှစ်၊ ---------------------လ၊ ------- ရက်)

ကြိုးဝိုင်းတောဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေ ပုဒ်မ-၆၊ ပုဒ်မခွဲ(ဃ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ------------------- တိုင်းဒေသကြီး/ပြည်နယ် ----------------မြို့နယ် အတွင်းရှိသည့် အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာ အကျယ်အဝန်း ------------- စတုရန်းမိုင်ရှိသော နယ်မြေကို " ---------------------------------------- ကြိုးဝိုင်းတော" အဖြစ် ----------ခုနှစ်၊ ------------လ၊ -----ရက် (----------ခုနှစ်၊---------------လ၊ ------- ရက်)မှစ၍ ဖွဲ့စည်းတည်ထောင်ကြောင်း ကြေညာလိုက်သည်။

<u>နယ်နိမိတ်တည်နေရာမှာ အောက်ပါအတိုင်းဖြစ်သည်။</u>

မြောက်ဘက် ။ ။

အရှေ့ဘက် ။ ။

တောင်ဘက် ။ ။

အနောက်ဘက်။ ။ ။

<u>ချွန်လှပ်ကွက်နယ်နိမိတ် (ရှိပါက)</u>

မြောက်ဘက်။ ။

အရှေ့ဘက်။ ။

တောင်ဘက်။ ။

အနောက်ဘက်။ ။

<u>တားမြစ်ချက်များ</u>

၁။ "---------------------------- ကြိုးဝိုင်းတော" အတွင်း အောက်ဖော်ပြပါ တို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်။

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) အိမ်မွေးတိရစ္ဆာန်များ စားကျက်ချခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်ခြင်း၊

(ဂ) မြေကိုခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာ ပျက်စီးစေခြင်း၊ ရေတွင်အဆိပ်ခတ်ခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊

(င) တိရစ္ဆာန်များကို ဖမ်းဆီးခြင်း၊ အမဲလိုက်ပစ်ခတ်ခြင်း သို့မဟုတ် ငါးဖမ်းခြင်း၊

(စ) မီးကူးဆက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်များ ထားရှိခြင်း၊

(ဆ) မည်သည့်သစ်ပင်မဆို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီးသို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း။

၂။ ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့်အခွင့်အရေးများ

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | | |

ဖော်ပြပါ ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို အစိုးရက ကြီးကြပ်နိုင်ခွင့်ရှိ၍ လုပ်ကိုင်သည့် လယ်ယာဥယျာဉ်ခြံမြေများပေါ်တွင် သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း သစ်တောဦးစီးဌာနက အခွန်တော် ကောက်ခံခွင့်ရှိသည်။ အဆိုပါ ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို ရရှိသူများသည် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာကျင့်သုံးရမည်။

(က) ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို အမည်ဖြင့် ဖော်ပြထားသူများသာ ခံစားခွင့်ရှိ၍ ၎င်းတို့မှ ဆင်းသက်သူများနှင့် မသက်ဆိုင်စေရ။

(ခ) လုပ်ကိုင်ခွင့်ရရှိသည့် လယ်ယာဥယျာဉ်ခြံမြေကို အသစ်တိုးချဲ့ခြင်း၊ ရောင်းဝယ်လွှဲ ပြောင်းခြင်း၊ ဖလှယ်ခြင်း မပြုလုပ်ရ။

(ဂ) ထင်း၊ ခြံတိုင်နှင့်ဝါးများကို မိမိသုံးအတွက် ခွင့်ပြုခြင်းဖြစ်၍ ရောင်းချခြင်းမပြုရ။

၃။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်း ခံရမည်။

(ပုံ) ----------------
ပြည်ထောင်စုဝန်ကြီး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

(မူကြမ်း)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
# ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ် ( )

နေပြည်တော်၊ ခုနှစ်၊ လဆန်း/လပြည့်ကျော် ရက်

( ခုနှစ်၊ လ ရက်)

ကြိုးဝိုင်းတောဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ-(ဃ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ------------တိုင်းဒေသကြီး/ ပြည်နယ်၊ --------------ခရိုင်၊ ------------မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များ အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (----------)ဧကရှိသော နယ်မြေ ကို “------------ကြိုးဝိုင်းတော”အဖြစ် ---------- ခုနှစ်၊ ------------------ လဆန်း/လပြည့်ကျော်--------ရက် (------------ခုနှစ်၊-----------လ ----------ရက်) မှစ၍ ဖွဲ့စည်းကြောင်းကြေညာလိုက်သည်။

၂။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက် ။ ------------------------------------------------------------
------------------------------------------------------------
------------------------------------------------------။

အရှေ့ဘက် ။ ------------------------------------------------------------
------------------------------------------------------------
------------------------------------------------------။

တောင်ဘက် ။ -------------------------------------------------------------
-------------------------------------------------------------
-------------------------------------------------------------။

အနောက်ဘက် ။ -------------------------------------------------------------
-------------------------------------------------------------
-------------------------------------------------------------။

## ၃။ <u>တားမြစ်ချက်များ</u>

"-----------ကြိုးဝိုင်းတော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) ကြိုးဝိုင်းတောအတွင်းရှိ မည်သည့်သစ်ပင်ကိုမဆို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး သို့မဟုတ် အခြား နည်းဖြင့် ပျက်စီးစေခြင်း၊

(ခ) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ဂ) အိမ်မွေးတိရစ္ဆာန်များ စားကျက်ချခြင်း၊

(ဃ) ခွင့်ပြုမိန့်မရရှိဘဲ မြေကို ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း (သို့မဟုတ်) မူလအနေအထားကို ယိုယွင်းစေခြင်း၊

(င) ရေတွင် အဆိပ်ခတ်ခြင်း၊ ဓါတုဗေဒပစ္စည်း (သို့မဟုတ်) ပေါက်ကွဲစေတတ်သောအရာများအသုံးပြုခြင်း၊

(စ) တိရစ္ဆာန်များဖမ်းဆီးခြင်း၊ အမဲလိုက်ပစ်ခတ်ခြင်း (သို့မဟုတ်) ငါးဖမ်းခြင်း၊

(ဆ) မီးမွေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း(သို့မဟုတ်)မီးကြွင်းမီးကျန်များထားရှိခြင်း။

၄။ <u>ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ</u>

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့်အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

**(ပုံ)------------**

**ပြည်ထောင်စုဝန်ကြီး**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

# ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

## (ခ) ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

**ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း။** ၁၉၉၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် သစ်တော ဥပဒေပုဒ်မ၅အရ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ကြိုးဝိုင်းတောပြင်ပရှိ အစိုးရကစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေတွင် နယ်နိမိတ်သတ်မှတ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာနိုင်သည် -

(က) ရေ၊ မြေထိန်းသိမ်းကာကွယ်ခြင်း၊

(ခ) အပူပိုင်းဒေသတောထိန်းသိမ်းကာကွယ်ခြင်း၊

(ဂ) ဒီရေတောထိန်းသိမ်းကာကွယ်ခြင်း၊

(ဃ) သဘာဝဝန်းကျင်နှင့် ဇီဝမျိုးများထိန်းသိမ်းရေးကြိုးဝိုင်းတော၊

(င) သစ်တောထွက်ပစ္စည်းများကိုစဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန် ထိန်းသိမ်းကာကွယ်ခြင်း၊

**လုပ်ငန်းစဉ်(၁)။ ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်အဆိုပြုတင်ပြခြင်း။**

ကြိုးပြင်ကာကွယ်တောသတ်မှတ်ရာ၌ အောက်ပါလုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရပါမည်-

(က) ကြိုးပြင်ကာကွယ်တော သတ်မှတ်မည့်ဧရိယာကို ကွင်းဆင်းလေ့လာပြီး မြေပုံညွှန်းများဖော်ပြ၍ နယ်နိမိတ် (Preliminary Demarcation) သတ်မှတ်ခြင်း၊

- နယ်မြေအခြေအနေအရ ကွင်းဆင်းနိုင်ခြင်း မရှိသောနေရာဖြစ်လျှင် မြေပုံပေါ်တွင် နယ်နိမိတ်သတ်မှတ်ခြင်း၊(Insurgent Area)

(ခ) ကြိုးပြင်ကာကွယ်တောသတ်မှတ်မည့်ဧရိယာ၏ တည်နေရာပြမြေပုံ (၁"-၁မိုင် စကေး)နှင့် ဧရိယာပြမြေပုံ (၄"-၁မိုင် စကေး)တို့ကို ရေးဆွဲ၍ ကြိုးပြင်ကာကွယ်တော သတ်မှတ်ရန် အဆိုပြုချက်တင်ပြခြင်း၊ (မြို့နယ်/ခရိုင် သစ်တောဦးစီးဌာန မှဆောင်ရွက်၍ ဦးစီးရုံးချုပ်သို့ အဆင့်ဆင့်တင်ပြရပါမည်။) ကြိုးပြင်ကာကွယ်တောတစ်ခုစီ၏ အဆိုပြုလွှာတွင် တစ်ဖက်ပါအချက်အလက်များ ပါဝင်ရပါမည်-

(၁) ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် အဆိုပြုသောဒေသ၏ အထွေထွေဖော်ပြချက်။ (အမည်နှင့်အမျိုးအစား၊ ဧရိယာ အကျယ်အဝန်း၊ တည်နေရာနှင့် နယ်နိမိတ်အလားအလာ စသည်ဖြင့်)

(၂) သစ်တောတွင်ပါဝင်သောသစ်ပင်များနှင့်သစ်တောအခြေအနေ

(၃) သစ်တောများ၏ အတိတ်ရာဇဝင်

(၄) ဖွဲ့စည်းသတ်မှတ်မည့်ဒေသနှင့် သက်ဆိုင်သောလူများ

(၅) တောင်းဆိုမည့်အခွင့်အရေးများ

(၆) ကြိုးပြင်ကာကွယ်တောပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်

(၇) သတ်မှတ်မည့်သစ်တောအားအသုံးချနိုင်ခြင်း

(၈) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ ထောက်ခံချက်နှင့် မြေအမျိုးအစားဖော်ပြချက်

(၉) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏သဘောတူညီကြောင်း ခွင့်ပြုချက်

(၁၀) လိုအပ်သောအရာထမ်း၊ အမှုထမ်းအင်အားစုစသည့်ခေါင်းစဉ်များဖြင့် ပြည့်စုံစွာဖော်ပြရပါမည်။

(ဂ) သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ တင်ပြလာသည့် အဆိုပြုလွှာတစ်ခုချင်းစီအပေါ် လိုအပ်သည့်စာရွက်စာတမ်းများ ပြည့်စုံမှုရှိ/မရှိ လေ့လာစိစစ်၍ ကြိုးပြင်ကာကွယ်တောသတ်မှတ်နိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးသို့ ဆက်လက်တင်ပြခြင်း၊ ဤကဲ့သို့ တင်ပြရာတွင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာ(မူကြမ်း)ကို ပြုစု၍ တည်နေရာပြမြေပုံနှင့်တကွ ပူးတွဲတင်ပြရပါမည်၊

**လုပ်ငန်းစဉ်(၂)။ ရည်ရွယ်ကြောင်းအမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း**

ပြည်ထောင်စုဝန်ကြီးသည် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးမှ တင်ပြလာသည့် ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ကိစ္စကိုသဘောတူလျှင် သစ်တော

ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(က)အရ ကြိုးပြင် ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ရပါသည်။

**လုပ်ငန်းစဉ်(၃)။ ကြေးတိုင်အရာရှိခန့်အပ်ခြင်း**

(က) ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာတွင် ကြိုးပြင်ကာကွယ်တော သတ်မှတ်မည့်ဒေသ၏ တည်နေရာနှင့် အကျယ်အဝန်း၊ အရှေ့၊ အနောက်၊ တောင်၊ မြောက်နယ်နိမိတ် (၄)ရပ်၏ အသေးစိတ် ဖော်ပြချက်နှင့်တကွ သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(ခ)အရကြိုးပြင် ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေ ဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးဆုံးဖြတ် ပေးနိုင်ရန် ပြည်ထောင်စုဝန်ကြီးသည် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ဂ)အရ ညွှန်ကြားရေးမှူးချုပ်ကိုတာဝန်ပေးအပ်ရပါမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ကြေးတိုင်လုပ်ငန်းများ မြန်ဆန်ချောမွေ့ စွာဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ညွှန် ကြားရေးမှူးအား ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဆောင်ရွက်ရန် တာဝန်ပေး အပ်ရပါမည်။

**လုပ်ငန်းစဉ်(၄)။ သစ်တောကြေးတိုင်အရာရှိမှ ကြေးတိုင်လုပ်ငန်းများဆောင်ရွက်ခြင်း**

(က) ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်း အမိန့်ကြော် ငြာစာထုတ်ပြန်ပြီးနောက် ရက်ပေါင်း(၃၀)အတွင်း သစ်တောကြေး တိုင်အရာရှိသည် ကြိုးပြင်ကာကွယ်တော သတ်မှတ်မည့်ဒေသ၏ တည်နေရာ၊ နယ်နိမိတ်များကိုဖော်ပြ၍ သက်ဆိုင်ရာဒေသတွင် နေထိုင်ကြသော အများပြည်သူတို့သိရှိစေရန် ကြိုးပြင်ကာကွယ်တော သတ်မှတ်မည်ဖြစ်ကြောင်း ကြေညာထုတ်ပြန်ရပါမည်။ ကြေညာချက် တွင် သက်ဆိုင်သူများကတောင်းဆိုလိုသည့် အခွင့်အရေးများနှင့် တင်ပြလိုသည့် ဆိုင်ရာဆိုင်ခွင့်များကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း(၉၀)အတွင်း ကြေးတိုင်အရာရှိထံ စာဖြင့်တင်ပြကြရန် ဖော်ပြရမည်။ **သစ်တောကြေးတိုင်ပုံစံ (၁)**ဖြင့် ဖော်ပြရပါသည်။

(ခ) ဆိုင်ရာဆိုင်ခွင့် လျှောက်ထားချက်များနှင့်ပတ်သက်၍ သက်သေထွက်ဆိုချက်များကို ရေးမှတ်ရယူရပါမည်။ **သစ်တောကြေးတိုင်ပုံစံ (၂)**ဖြင့် ဖော်ပြရပါသည်။

(ဂ) ဆိုင်ရာဆိုင်ခွင့် တောင်းဆိုချက်များကိုမှတ်တမ်းသွင်းလျက် စစ်ဆေးစိစစ်၍ အမိန့် ချမှတ်ရမည်။ **သစ်တောကြေးတိုင်ပုံစံ (၃)** ဖြင့် ဖော်ပြရပါသည်။ မြေသိမ်းရန်ရှိလျှင် မြေသိမ်းအက်ဥပဒေနှင့် အညီဆောင်ရွက်ရပါသည်။

(ဃ) ဆိုင်ရာဆိုင်ခွင့်တောင်းဆိုသည့် အချက်များနှင့်ပတ်သက်၍ သစ်တောကြေးတိုင်အရာရှိက ချမှတ်သောအမိန့်ကိုမကျေနပ်သူသည် ဆုံးဖြတ်ချက်ချသည့်နေ့မှ ရက်ပေါင်း(၆၀)အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ အယူခံနိုင်ခွင့် ရှိကြောင်းကြေညာရပါမည်။ **သစ်တောကြေးတိုင်ပုံစံ (၃)** ဖြင့်ပင် ဖော်ပြရပါသည်။

(င) ဆိုင်ရာဆိုင်ခွင့် လျှောက်ထားချက်များနှင့်ပတ်သက်၍ လျော်ကြေးငွေပေးရန်ရှိပါကထောက်ခံတင်ပြရပါမည်။ **သစ်တောကြေးတိုင်ပုံစံ (၄)** ဖြင့် ဖော်ပြရပါသည်။

(စ) ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာပါ ကြိုးပြင်ကာကွယ်တောနယ်နိမိတ်ကိုစစ်ဆေးစိစစ်၍ ပြောင်းလဲမှုရှိလျှင် ပြန်လည်သတ်မှတ်၍ အတည်ပြုသည့် နယ်နိမိတ်ကို မြေပုံဖြင့် တင်ပြရပါမည်။

(ဆ) ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရန်အတွက် အမိန့်ကြော်ငြာစာ(မူကြမ်း)ကို ပြုစုတင်ပြရပါမည်။ **သစ်တောကြေးတိုင်ပုံစံ (၅)**ဖြင့် ဖော်ပြရပါသည်။

(ဇ) သစ်တောကြေးတိုင်လုပ်ငန်းများအားလုံး ပြီးစီးလျှင်သစ်တော ကြေးတိုင်ပုံစံ (၁) (၂) (၃) (၄) (၅)တို့ဖြင့် သစ်တောကြေးတိုင်အရာရှိ၏ အစီရင်ခံ စာပြုစု၍ အစီရင်ခံစာ (၃)စောင်ကိုသစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရပါသည်။

**လုပ်ငန်းစဉ်(၅)။ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြောင်းအမိန့် ကြော်ငြာစာ ထုတ်ပြန်ခြင်း**

(က) သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ကြိုးပြင်ကာကွယ်တော သတ်မှတ်ရန်အတွက် သစ်တောကြေးတိုင်အရာရှိမှ တင်ပြလာသော ကြေးတိုင်အစီရင်ခံစာများကို စိစစ်ပြီးပါကအမိန့်ကြော်ငြာစာ (မူကြမ်း)ကိုပြုစု၍ ကြေးတိုင်အစီရင်ခံစာနှင့်အတူ ပြည်ထောင်စုဝန်ကြီးထံ တင်ပြရပါသည်။

(ခ) ပြည်ထောင်စုဝန်ကြီးသည် အစီရင်ခံစာများကိုစိစစ်သုံးသပ်၍ ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ သဘောတူညီချက်ရယူရပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရရှိလျှင် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(င)အရ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြောင်း အမိန့်ကြော်ငြာစာကိုထုတ်ပြန်ရပါသည်။

(ဂ) အမိန့်ကြော်ငြာစာတွင် ကြိုးပြင်ကာကွယ်တော၏ အမည်နှင့် တည်နေရာ၊ အကျယ်အဝန်း၊ နယ်နိမိတ်အလားအလာ (၄)ရပ်ဖော်ပြချက်၊ တားမြစ်ချက်များ၊ ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်များနှင့် တားမြစ်ချက်များကဖောက်ဖျက်ပါက ချမှတ်မည့်ပြစ်ဒဏ်များ စသည်တို့ကို စုံလင်စွာဖော်ပြရပါသည်။

**လုပ်ငန်းစဉ်(၆)။ ကြိုးပြင်ကာကွယ်တောအပြီးသတ်နယ်နိမိတ်ပြုလုပ်ခြင်း(Final Demarcation)**

(က) ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးနောက် သက်ဆိုင်ရာဧရိယာသို့ ကွင်းဆင်း၍ အတည်ပြုထားသည့် နယ်နိမိတ်အတိုင်း အပြီးသတ်နယ်နိမိတ် သတ်မှတ်ခြင်းကို မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက တစ်နှစ်အတွင်းအပြီး ဆောင်ရွက်ရပါမည်။

(ခ) နယ်နိမိတ်ပြုလုပ်ခြင်း၊ ဘုတ်တိုင်များ၊ ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခြင်းများပြီးစီးပါက နယ်နိမိတ်တိုင်းတာထားသည့် မှတ်တမ်းများ၊ မြေပုံများနှင့် မြေတိုင်းမှတ်စုစာအုပ်များကို ကြိုးပြင်ကာကွယ်တောတစ်ခုခြင်းအတွက် သက်ဆိုင်ရာခရိုင် သစ်တောဦးစီးဌာနမှူးရုံးတွင် ပြုစုထိန်းသိမ်းထားရပါမည်။ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးသို့လည်း တစ်စုံပေးပို့ရမည် ဖြစ်ပါသည်။



**(မူကြမ်း)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ် (        )**

နေပြည်တော်၊ ခုနှစ်၊ လဆန်း/လပြည့်ကျော် ရက်
( ခုနှစ်၊ လ ရက်)

**ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံ သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ ------------တိုင်းဒေသကြီး/ပြည်နယ်၊ --------ခရိုင်၊ ----------- မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (----------)ဧကေရှိသော နယ်မြေကို “-------------------- ကြိုးပြင်ကာကွယ်တော” အဖြစ် ---------- ခုနှစ်၊ ----------လဆန်း/ လပြည့်ကျော် ------ ရက် (--------ခုနှစ်၊ ---------လ -------ရက်)မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ---------------------------------------------------------------
---------------------------------------------------------------
---------------------------------------------------------------
--။

အရှေ့ဘက် ။ ------------------------------------------------------------

------------------------------------------------------------

----------------------------------------------------------။

တောင်ဘက် ။ ------------------------------------------------------------

------------------------------------------------------------

----------------------------------------------------------။

အနောက်ဘက် ။ ------------------------------------------------------------

------------------------------------------------------------

----------------------------------------------------------။

## ၂။ <u>သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း</u>

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တော နယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ(၆)၊ ပုဒ်မခွဲ(က)အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင် အရာရှိ အဖြစ် ခန့်အပ်လိုက်သည်။

**(ပုံ) -------------**

**ပြည်ထောင်စုဝန်ကြီး**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**(မူကြမ်း)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
# ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ် (　　　　)

နေပြည်တော်၊　　　　ခုနှစ်၊　　　　လဆန်း/လပြည့်ကျော်　　ရက်

(　　　ခုနှစ်၊　　　　လ　　　ရက်)

ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။　ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ-(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ --------------တိုင်းဒေသကြီး/ပြည်နယ်၊------------------ခရိုင်၊------------------ မြို့နယ် အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာ အကျယ်အဝန်း(--------)ဧကရှိသောနယ်မြေကို "--------------- ကြိုးပြင်ကာကွယ်တော" အဖြစ် ---------------------------လဆန်း/လပြည့်ကျော် --------ရက် (----------- ခုနှစ်၊ --------- လ ------- ရက်)မှစ၍ သတ်မှတ်ကြောင်းကြေညာလိုက်သည်။

၂။　နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက်　။　------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------။

အရှေ့ဘက်　။　------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------။

တောင်ဘက်   ။ ---------------------------------------------------------------

---------------------------------------------------------------

--------------------------------------------------------------။

အနောက်ဘက်   ။ ---------------------------------------------------------------

---------------------------------------------------------------

--------------------------------------------------------------။

၃။ <u>တားမြစ်ချက်များ</u>

"--------------ကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည် -

(က) သစ်တောဦးစီးဌာနက သတ်မှတ်ထားသော သစ်ပင်အမျိုးအစားများကို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး သို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း၊

(ခ) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ဂ) အိမ်မွေးတိရစ္ဆာန်များ စားကျက်ချခြင်း၊

(ဃ) စိုက်ပျိုးရန်အတွက်မြေကို တူးဆွခြင်း သို့မဟုတ် ရှင်းလင်းခြင်း၊

(င) ရေတွင် အဆိပ်ခတ်ခြင်း၊ ဓါတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာ များအသုံးပြုခြင်း၊

(စ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း၊

(ဆ) မီးမွေးခြင်း၊ မီးဖိုခြင်း သို့မဟုတ် မီးသယ်ယူခြင်း။

၄။ <u>ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ</u>

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့်အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်း ချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

**(ပုံ)-------------**

**ပြည်ထောင်စုဝန်ကြီး**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

# သဘာဝနယ်မြေတည်ထောင်ခြင်း၊ ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

## (ဂ) သဘာဝနယ်မြေများ သတ်မှတ်တည်ထောင်ခြင်း၊ ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

### သဘာဝနယ်မြေနှင့် သစ်တောမြေ

၁။ **သဘာဝနယ်မြေ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ သက်ရှိသက်မဲ့ဖွဲ့စည်းမှုများ သို့မဟုတ် ထင်ရှားသော ပထဝီအနေအထားများ တည်ရှိသည့်ဒေသ များကို အရှည်တည်တံ့ရေးအတွက် ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ ဥပဒေအရ သတ်မှတ်သည့်နယ်မြေကို ဆိုသည်။ (၁၉၉၄ ခုနှစ်၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝ နယ်မြေများ ထိန်းသိမ်းရေးဥပဒေ၊ အခန်း ၁)

၂။ **သစ်တောနယ်မြေ** ဆိုသည်မှာ သစ်တောဥပဒေအရ ဖွဲ့စည်းထားသည့် ကြိုးဝိုင်းတောနှင့် သတ်မှတ်ကြေညာထားသည့် ကြိုးပြင်ကာကွယ်တောတို့ပါဝင်သည့် နယ်မြေကို ဆိုသည်။

### သဘာဝနယ်မြေများ တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်

၃။ (က) နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးဆိုင်ရာမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) ဂေဟစနစ်များနှင့် ယင်းတို့အတွင်းတည်ရှိနေသည့် သဘာဝအပင်များ၊ မှီတင်းနေထိုင်ကျက်စားသည့် တောရိုင်းတိရစ္ဆာန်များ၊ သက်ရှိသက်မဲ့ဖွဲ့စည်းမှုများ၊ ရာသီအလိုက် ပြောင်းရွှေ့ကျက်စားတတ်သည့် သတ္တဝါများ၊ မြန်မာနိုင်ငံအတွင်းတွင်သာတွေ့ရှိရသည့် ဒေသမျိုးရင်းအပင်နှင့် သတ္တဝါများတို့ကို ကာကွယ်ထိန်းသိမ်းရန်၊

(ဂ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်။

### မြန်မာနိုင်ငံ၏ သဘာဝနယ်မြေ အမျိုးအစားအလိုက် အဆင့်အတန်း သတ်မှတ်ချက်များ

၄။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ(၁၉၉၄ ခုနှစ်)နှင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ် ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးနည်းဥပဒေများ(၂၀၀၂ ခုနှစ်) တို့ဖြင့် သတ်မှတ်ထုတ်ပြန်ထားခဲ့သည့် သဘာဝနယ်မြေ အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သိပ္ပံကြိုးဝိုင်း (Science Reserve Forest)

( ခ) အမျိုးသားဥယျာဉ် (National Park)

( ဂ) အဏ္ဏဝါအမျိုးသားဥယျာဉ် (Marine National Park)

(ဃ) သဘာဝကြိုးဝိုင်း (Nature Reserve Forest)

( င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (Wildlife Sanctuary)

( စ) ဘူမိရုပထူးခြားသည့်ကြိုးဝိုင်း (Geological Park/Reserve Forest)

(ဆ) ဝန်ကြီးက သတ်မှတ်သော အခြားသဘာဝကြိုးဝိုင်း

**သဘာဝနယ်မြေအမျိုးအစားအလိုက် လုပ်ငန်းတာဝန်များ**

၅။ သဘာဝနယ်မြေ အမျိုးအစားအလိုက် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) **သိပ္ပံကြိုးဝိုင်းအတွင်း -**

(၁) ထူးခြားထင်ရှားသည့် သက်ရှိသက်မဲ့ဖွဲ့စည်းမှုများ၊ ဘူမိ ရုပသွင်ပြင်လက္ခဏာများနှင့် မျိုးစိတ်များတည်ရှိရာ ကုန်းတွင်း သို့မဟုတ် ရေဧရိယာများတွင် သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ခြင်း၊

(၂) သဘာဝဖြစ်စဉ်များ ပြောင်းလဲမှုကို စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်း။

( ခ) **အမျိုးသားဥယျာဉ်အတွင်း -**

(၁) သက်ရှိသက်မဲ့ဖွဲ့စည်းမှုများ ရေရှည်တည်တံ့စေရန် ကာကွယ်ထိန်းသိမ်းခြင်း၊ သက်ရှိသက်မဲ့ဖွဲ့စည်းမှုများကို ထိခိုက်မှုမရှိစေသည့် သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ခြင်းနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၂) အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေနိုင်စေရန်နှင့် ဇုံနယ်မြေများ သတ်မှတ်ပြီး ခွင့်ပြုခြင်း၊

(၃) သက်ရှိသက်မဲ့ဖွဲ့စည်းမှုများနှင့် သဘာဝအနေအထားကို ထိခိုက်ပျက်စီးစေသည့် ထုတ်ယူသုံးစွဲမှုနှင့် ဝင်ရောက်နေထိုင်မှုတို့ကို ထိရောက်စွာ တားမြစ်ခြင်း။

(ဂ) **အဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း -**

(၁) အဏ္ဏဝါသက်ရှိသက်မဲ့ ဖွဲ့စည်းမှုများကို ရေရှည်တည်တံ့စေရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(၂) အဏ္ဏဝါသက်ရှိသက်မဲ့ဖွဲ့စည်းမှုများကို ထိခိုက်မှုမရှိစေသည့် သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ခြင်းနှင့် ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(၃) အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် ဇုန်နယ်မြေ သတ်မှတ်ပြီး ခွင့်ပြုစေခြင်း၊

(၄) အဏ္ဏဝါ သက်ရှိသက်မဲ့ဖွဲ့စည်းမှုများနှင့် သဘာဝအနေအထားကို ထိခိုက်ပျက်စီးစေသည့် ထုတ်ယူသုံးစွဲမှုနှင့် ဝင်ရောက်နေထိုင်မှုတို့ကို ထိရောက်စွာ တားမြစ်ခြင်း။

(ဃ) **သဘာဝကြိုးဝိုင်းအတွင်း -**

(၁) ယိုယွင်းပျက်စီးမှုမရှိသေးသည့် သက်ရှိသက်မဲ့ဖွဲ့စည်းမှုနှင့် သဘာဝဖြစ်စဉ်များကို ရေရှည်တည်တံ့စေရန် ထိန်းသိမ်းခြင်း၊

(၂) သဘာဝအရင်းအမြစ်များကို မထိခိုက်စေဘဲ ပတ်ဝန်းကျင် ပြည်သူလူထုကစဉ်ဆက်မပြတ် အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ခြင်း။

(င) **တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း -** အထူးကာကွယ်ရန် လိုအပ်သော မျိုးစိတ်များအပါအဝင် တောရိုင်းတိရစ္ဆာန်များ အနှောက်အယှက် ကင်းရှင်းစွာ ရှင်သန်မျိုးပွား ကျက်စားနေထိုင်နိုင်ရန် ကာကွယ်ထိန်းသိမ်းခြင်းနှင့် ယင်းတို့၏နေရင်းဒေသ ရေရှည်တည်တံ့စေရန် စီမံဆောင်ရွက်ခြင်း၊ ရာသီအလိုက် ရွှေ့ပြောင်းကျက်စားလေ့ရှိသည့် ငှက်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ဘေးမဲ့ပေး၍ ကာကွယ်ထိန်း သိမ်းခြင်း။

(စ) **ဘူမိရုပ်ထူးခြားသည့်သဘာဝနယ်မြေအတွင်း -** ထူးခြားလှပသည့် သဘာဝအနေအထားများနှင့် ထင်ရှားသည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာများကို ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ ယင်းဒေသအတွင်း အများပြည်သူကြည့်ရှု လေ့လာအပန်းဖြေနိုင်ရန် စီမံဆောင်ရွက်ပေးခြင်း။

(ဆ) သဘာဝနယ်မြေ အမျိုးအစားအလိုက်တွင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် စီမံချက်ရေးဆွဲ ဆောင်ရွက်ပြီး ဝင်ငွေတစ်စိတ်တစ်ပိုင်းကို သဘာဝနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည် ရင်းနှီးသုံးစွဲခြင်း။

## သဘာဝနယ်မြေများ ဖွဲ့စည်းသတ်မှတ်ခြင်း

၆။ **သဘာဝနယ်မြေများ တည်ထောင်ခြင်း။** သဘာဝနယ်မြေများ တည်ထောင်ခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မည်သည့်ဒေသတွင်မဆို သဘာဝနယ်မြေများကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သဘာဝနယ်မြေများကို အမျိုးအစားအလိုက် သတ်မှတ်နိုင်သည်။ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များကို တည်ထောင်နိုင်သည်ဟု ဥပဒေ ပုဒ်မ ၈၊ အပိုဒ်ခွဲ (က)(ခ)တို့တွင် ဖော်ပြထားပါသည်။ ထိုသို့ သဘာဝနယ်မြေ တစ်ခုခုကို သတ်မှတ်တည်ထောင်ရန် ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကြိုတင်ကြေညာရမည်။ အောက်ပါအချက်တို့ပါရှိရန် လိုအပ်သည် -

(က) တည်နေရာ၊ နယ်နိမိတ်၊ အကျယ်အဝန်း၊

(ခ) သဘာဝနယ်မြေအမျိုးအစားနှင့် ရည်ရွယ်ချက်၊

(ဂ) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၊

(ဃ) တားမြစ်ချက်များ၊

(င) ပဏ္ဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ။

၇။ **တားမြစ်ချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ အမိန့်တွင် သဘာဝနယ်မြေကို အမျိုးအစားအလိုက် သတ်မှတ်တည်ထောင်ရန် ရည်ရွယ်ကြောင်း ကြေညာသည့် နေ့မှစ၍ ထိုနေတွင် တည်ရှိသော အခွင့်အရေးများမှအပ အောက်ပါတားမြစ် ချက်များကို ထည့်သွင်းဖော်ပြရမည် -

(က) အဆောက်အအုံအသစ် ဆောက်လုပ်ခြင်း၊

(ခ) တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ အန္တရာယ်ဖြစ်စေခြင်း၊ တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်း များကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းနှင့် သဘာဝအပင်နှင့် သစ်တောထွက်ပစ္စည်းများ ဖျက်ဆီးခြင်း၊ ခုတ်လှဲခြင်း၊ ထုတ်ယူခြင်း၊ စုဆောင်းခြင်း၊

(ဂ) မြေတူးခြင်း၊ မြေရှင်းလင်းခြင်း၊

(ဃ) သစ်ပင်သီးနှံစိုက်ပျိုးခြင်း၊

(င) စားကျက်မြေအဖြစ် အသုံးပြုခြင်း၊

(စ) မီးရှို့ခြင်း၊

(ဆ) ငါးဖမ်းခြင်း၊

(ဇ) အမဲလိုက်ခြင်း၊

(ဈ) ရေထု၊ လေထု ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကို ဖြစ်စေ၊ ဓါတ်သတ္တု အညစ်အကြေးများကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း။

၈။ **ပဏာမစိစစ်ရေးအဖွဲ့။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် သတ်မှတ်တည်ထောင်မည့် သဘာဝနယ်မြေတည်ရှိရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများ စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပဏာမစိစစ်ရေးအဖွဲ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား ကြေးတိုင်အရာရှိ အဖြစ် တာဝန်ပေးအပ်၍ အဖွဲ့ဝင်များအဖြစ် မြို့နယ်သစ်တောဦးစီးမှူး၊ မြို့နယ်မြေစာရင်းဦးစီးမှူးနှင့် အခြားလိုအပ်သော ကိုယ်စားလှယ်အဖွဲ့ဝင်တို့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ပြီး အောက်ပါလုပ်ငန်း အဆင့်ဆင့်များကို တာဝန်ယူ ဆောင်ရွက်စေရမည်ဖြစ်သည် -

(က) **ကြေးတိုင်ပုံစံ (၁)။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ခန့်အပ်ထားသော ကြေးတိုင်အရာရှိ/ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက သဘာဝနယ်မြေ ဖွဲ့စည်းမည့်အကြောင်းနှင့် ဆိုင်ရာဆိုင်ခွင့် လျှောက်ထားနိုင်ကြောင်း သက်ဆိုင်သူအားလုံး သိရှိစေရန် ကြေညာခြင်း။

(ခ) **ကြေးတိုင်ပုံစံ (၂)။** သစ်တောကြေးတိုင်အရာရှိက ကြေးတိုင်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် သဘာဝနယ်မြေ ဖွဲ့စည်းသင့်ကြောင်း ထောက်ခံစာ တင်သွင်းခြင်း။

(ဂ) **ကြေးတိုင်ပုံစံ (၃)။** ရည်ရွယ်ကြောင်း ကြေညာထားသည့်နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး မနစ်နာစေရေး တစ်ဦးချင်းစီ၏ ဆိုင်ရာဆိုင်ခွင့် လျှောက်ထားချက်များကို ခိုင်လုံသော အထောက်အထား နှင့်တကွ ပဏာမစိစစ်ရေးအဖွဲ့သို့ ကြေညာသည့်နေ့မှစ၍ ရက် ပေါင်း ၉၀ အတွင်း တင်ပြတောင်းခံစေရန် သက်ဆိုင်ရာမြို့နယ်၊ ကျေးရွာ၊ ရပ်ကွက် အုပ်ချုပ်ရေးဌာနများမှတစ်ဆင့် ဆက်သွယ် ဆောင်ရွက်ခြင်း။

(ဃ) **ကြေးတိုင်ပုံစံ (၄)။** ကြေးတိုင်ပုံစံ (၃)ပါကိစ္စများအတွက် တင်ပြ တောင်းခံမှု တစ်စုံတစ်ရာရှိလာပါက တရားမကျင့်ထုံး ဥပဒေအရ လိုအပ် သော သက်သေများဆင့်ခေါ်ခြင်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ စစ်ဆေးခြင်း၊ အစိုးရက ခွင့်ပြုရန်ရှိသည့်ကိစ္စအတွက် ထောက်ခံတင်ပြ သည့် လျော်ကြေးငွေစာရင်းတို့ကို ပြုစုတင်ပြခြင်း။

(င) **ကြေးတိုင်ပုံစံ (၅)။** မြေအသုံးချမှုဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ တင်ပြတောင်းဆိုမှုများရှိပါက တောင်းဆိုချက် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းကို ထိခိုက်စေခြင်းရှိ၊ မရှိစိစစ်ပြီး သဘောထားမှတ်ချက်နှင့်တကွ ရည်ရွယ် ကြောင်း ကြေညာထားသည့် နယ်မြေကို သဘာဝနယ်မြေအဖြစ် ဖွဲ့စည်း သတ်မှတ် နိုင်ရန်အတွက် တည်နေရာ၊ ဧရိယာအကျယ်အဝန်း၊ နယ်နိမိတ် အလား အလာတိကျစွာဖော်ပြထားသည့် အမိန့်ကြေညာစာ(မူကြမ်း)အား သစ်တော ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့တင်ပြခြင်း။

၉။ **သဘာဝနယ်မြေ တည်ထောင်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်း။** ပဏာမစိစစ်ရေးအဖွဲ့က ဥပဒေအရဆောင်ရွက်ပြီး တင်ပြလာသည့် အစီရင်ခံစာအပေါ် ညွှန်ကြားရေးမှူးချုပ်သည် အစီရင်ခံစာကို စိစစ်ပြီး ဥပဒေပုဒ်မ ၈ အရ သဘာဝနယ်မြေ တည်ထောင်သတ်မှတ်နိုင်ရန် သဘောထားမှတ်ချက်နှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနထံသို့ တင်ပြရမည်။

ပြည်ထောင်စုဝန်ကြီးက စိစစ်အတည်ပြုပြီးလျှင် သဘောထားမှတ်ချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အစိုးရအဖွဲ့ သဘောတူညီချက်ဖြင့် ဥပဒေအရ အပ်နှင်းထားသော အခွင့်အာဏာကိုသုံး၍ သဘာဝနယ်မြေ အမျိုးအစားအလိုက် တည်ထောင် သတ်မှတ်ခြင်းအမိန့်ကို ထုတ်ပြန်ကြေညာရမည်။ အမိန့်ကြော်ငြာစာကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အားလုံးသို့ သိရှိနိုင်ရေး ထုတ်ပြန်ကြေညာခြင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရပြန်တမ်းတွင် ထည့်သွင်းကြေညာခြင်းများ ဆောင်ရွက်ရမည်။

၁၀။ **သဘာဝနယ်မြေများ ပြင်ဆင်ခြင်း၊ အမျိုးအစားပြောင်းလဲ သတ်မှတ်ခြင်းနှင့် ပယ်ဖျက်ခြင်း။** ဥပဒေအရ တည်ထောင်သတ်မှတ်ထားသည့် သဘာဝနယ်မြေ အမျိုးအစားတစ်ခုခု၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်ခြင်း၊ အမျိုးအစားသတ်မှတ်ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ပြုလုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အစိုးရအဖွဲ့သဘောတူညီချက်ဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်သည်။ အောက်ပါအတိုင်း လုပ်ငန်းအဆင့်ဆင့်ဖြင့် စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြနိုင်ရန် အမှုတွဲကိုပြုစု တည်ဆောက်ပေးရမည် -

(က) သဘာဝနယ်မြေအတွင်း သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို လွှဲပြောင်းရယူလိုခြင်း၊ သို့မဟုတ် ပယ်ဖျက်ခွင့်ပြုရန်လျှောက်ထားလာခြင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်သစ်တောဦးစီးဌာနသို့ သဘာဝနယ်မြေအတွင်း ကျရောက်မှု၊ မြေအသုံးချမှုအခြေအနေတို့ကို ကွင်းဆင်းတိုင်းတာ စစ်ဆေးရေး ဆောင်ရွက်ရန် တာဝန်ပေးအပ်ရမည်၊

(ခ) တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့သို့တင်ပြ၍ ဆက်စပ်ဌာနဆိုင်ရာများ ပါဝင်သည့် ကွင်းဆင်းတိုင်းတာ စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းစစ်ဆေးစေရမည်၊

(ဂ) ကွင်းဆင်းတိုင်းတာ စစ်ဆေးရေးအဖွဲ့၏ မြေပိုင်ဆိုင်မှု၊ မြေ အသုံးချမှုစာရင်းများ၊ မှတ်တမ်း၊ မြေပုံ၊ ဓါတ်ပုံများနှင့်တကွ အစီရင်ခံစာကို တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာနမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန ထံသို့ ပေးပို့တင်ပြရမည်၊

(ဃ) သဘာဝနယ်မြေကို အခြားမြေ ပြောင်းလဲအသုံးချလိုမှုနှင့် ပတ်သက်၍ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် သဘောထားမှတ်ချက်နှင့်အတူ ပြည်ထောင်စုဝန်ကြီးထံသို့ အစီရင်ခံတင်ပြရမည်၊

( င ) ပြည်ထောင်စုဝန်ကြီးသည် သဘာဝနယ်မြေကို အခြားမြေအဖြစ် ပြောင်းလဲအသုံးချလိုခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အတူ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြအစီရင်ခံ ရမည်၊

( စ ) သဘာဝနယ်မြေကို အခြားမြေပြောင်းလဲအသုံးချခြင်းအပေါ် နိုင်ငံတော်သမ္မတရုံး၏ သဘောတူညီချက် ရရှိပါက ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ အမှုတွဲကို ပေးပို့တင်ပြပြီး အစိုးရအဖွဲ့ သဘောတူညီချက်ရယူရန် လိုအပ်ပါမည်၊

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ခွင့်ပြုချက်ရရှိပါကပြည်ထောင်စုဝန်ကြီးသည် သဘာဝနယ်မြေ၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ သို့မဟုတ် တစ်ခုလုံးကိုဖြစ်စေ ပြင်ဆင်ခြင်း၊ အမျိုးအစားပြောင်းလဲ သတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို အမိန့်ထုတ်ပြန် ကြေညာနိုင်သည်။

၁၁။ **သဘာဝနယ်မြေ ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်း။** သဘာဝနယ်မြေ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ သို့မဟုတ် တစ်ခုလုံးကိုဖြစ်စေ ပယ်ဖျက်ခြင်းအတွက် ဥပဒေ၊ နည်းဥပဒေများအရ အထက်ပါ လုပ်ထုံးလုပ်နည်းအတိုင်း အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးပါက ကျန်ရှိသည့် သဘာဝနယ်မြေ ဧရိယာအတွက် ပြန်လည်ဖွဲ့စည်းရန် လိုအပ်သည့် သဘာဝနယ်မြေဧရိယာမြေပုံ၊ နယ်နိမိတ်လားရာ ဖော်ပြချက်များနှင့်အတူ ပြန်လည်ဖွဲ့စည်းခွင့်အား ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာနသည် ပြည်ထောင်စုဝန်ကြီးရုံးသို့ အမှုတွဲ တည်ဆောက်ကာ ပြန်လည်တင်ပြရမည် ဖြစ်ပါသည်။

<u>ရည်ညွှန်းချက်</u>

(၁) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄)ခုနှစ်

(၂) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးနည်းဥပဒေများ (၂၀၀၂)ခုနှစ်



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
# ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ် ( / )
နေပြည်တော်၊ ခုနှစ်၊ လဆန်း/လဆုတ် ရက်
( ခုနှစ်၊ လ၊ ရက်)

**----------------- အမျိုးသားဥယျာဉ် / ဘေးမဲ့တောအဖြစ်**

**သတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း (မူကြမ်း)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၄ ခုနှစ်၊ ဇွန်လတွင် ထုတ်ပြန်သည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ ပုဒ်မ (၈)၊ ပုဒ်မခွဲ (ဃ)အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံးလျက် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အတွင်း ကျရောက်နေသည့် အကျယ်အဝန်း ( ) ဧက၊ ( ) စတုရန်းမိုင်ရှိ မြေကို သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန် အလို့ငှာ “ **အမျိုးသားဥယျာဉ်/ ဘေးမဲ့တော**”အဖြစ် ခုနှစ်၊ လဆန်း / လဆုတ် ( ) ရက်၊ ၂၀၁၄ ခုနှစ်၊ လ ( ) ရက်မှ စတင်၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

**<u>နယ်နိမိတ်အလားအလာ ဖော်ပြချက်</u>**

၁။ နယ်နိမိတ်လားရာ ဖော်ပြချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

မြောက်ဘက်။ ။-------------------------------------------------------------- ---------။

အရှေ့ဘက်။ ။-------------------------------------------------------------- ---------။

တောင်ဘက်။ ။-------------------------------------------------------------- ---------။

အနောက်ဘက်။ ။-------------------------------------------------------------- ---------။

**တားမြစ်ချက်များ**

၂။ အမျိုးသားဥယျာဉ် / ဘေးမဲ့တောအဖြစ် တည်ထောင်ရန် ရည်ရွယ်သည့် နယ်မြေအတွင်း အောက်ဖော်ပြပါ တားမြစ်ချက်များကိုမပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း။

(ခ) သဘာဝနယ်မြေအတွင်းအဆိပ်အတောက်ဖြစ်စေသော ပစ္စည်း ကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း။

(ဂ) သဘာဝနယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း။

(ဃ) ကာကွယ်ထားသည့် တိရစ္ဆာန်များအပါအဝင် မည်သည့် တောရိုင်း တိရစ္ဆာန်ကိုမျှ၊ သဘာဝနယ်မြေအတွင်းသော် လည်းကောင်း၊ သဘာဝ နယ်မြေနှင့်ထိစပ် ဆက်စပ်နေသည့် နေရာဒေသအတွင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်း တိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထား ခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း။

(င) သဘာဝနယ်မြေအတွင်း မည်သည့် သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ် ပိုင်ဆိုင်ခြင်း။

(စ) သဘာဝနယ်မြေအတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝ အနေ အထားတည်ရှိမှု တစ်ခုခုကိုဖြစ်စေ ဖျက်ဆီး ခြင်း။

(ဆ) လူတို့မွေးမြူထားသော တိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ် ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း။

(ဇ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်း တစ်ခုခု လုပ်ကိုင်ခြင်း။

(ဈ) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့် ပြုထားသည့် နေရာများ မှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင် ရောက်ခြင်း။

(ည) ဘေးမဲ့တောအတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွေးခြင်း၊ မီးဖို ခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန် ထားရှိခြင်း။

<u>ပဏာမစိစစ်ရေးအဖွဲ့</u>

၃။ အမျိုးသားဥယျာဉ် / ဘေးမဲ့တောအဖြစ် သတ်မှတ်တည်ထောင်မည့် နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရန် နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေ များထိန်းသိမ်းရေးဥပဒေ ပုဒ်မ (၈)၊ ပုဒ်မခွဲ (င)အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ် လိုက်သည် -

(က) မြို့နယ်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်

(ခ) ဦးစီးအရာရှိ အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်

(ဂ) ဦးစီးအရာရှိ အတွင်းရေးမှူး
သစ်တောဦးစီးဌာန
မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်

၄။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ပါက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ အရေးယူခြင်းခံရမည်။

(ပုံ)------------
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊

ရက် စွဲ ၊ ခုနှစ်၊ လ ရက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**
**အမိန့်ကြော်ငြာစာအမှတ်၊ (        /        )**

**နေပြည်တော်၊ ________ခုနှစ်၊ __________ လ၊ _____ရက်**

**( _______ခုနှစ်၊_____________ လ၊ _____ရက်)**

အမျိုးသားဥယျာဉ်/ဘေးမဲ့တောသတ်မှတ်ခြင်း **(မူကြမ်း)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၄ ခုနှစ်၊ ဇွန်လတွင် ထုတ်ပြန်သည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ ပုဒ်မ - ၈၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍-------------- တိုင်းဒေသကြီး/ပြည်နယ်၊------------ ခရိုင်၊ -------------မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း(----------------) စတုရန်းမိုင်ရှိသည့် နယ်မြေကို ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန် အလို့ငှာ “---------------------------------**အမျိုးသားဥယျာဉ်/ ဘေးမဲ့တော”** အဖြစ် (မြန်မာ သက္ကရာဇ်) ---------- ခုနှစ်၊ ------------- လ၊ (     ) ရက်၊ (ခရစ်သက္ကရာဇ်) (-------- ခုနှစ်၊ ------------- လ၊ ----- ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

နယ်နိမိတ်လားရာဖော်ပြချက်

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မြောက်ဘက်။ ။--------------------------------------------------------------------------------------။

အရှေ့ဘက်။ ။--------------------------------------------------------------------------------------။

တောင်ဘက်။ ။--------------------------------------------------------------------------------------။

အနောက်ဘက်။ ။---------------------------------------------------------------
-------။

## ချန်လှပ်ကွက်နယ်နိမိတ် (ရှိပါက)

မြောက်ဘက်။ ။---------------------------------------------------------------
-------။

အရှေ့ဘက်။ ။---------------------------------------------------------------
-------။

တောင်ဘက်။ ။---------------------------------------------------------------
-------။

အနောက်ဘက်။ ။---------------------------------------------------------------
-------။

## တားမြစ်ချက်များ

၂။ “--------------------- အမျိုးသားဥယျာဉ်/ဘေးမဲ့တော”အဖြစ် သတ်မှတ်သည့်နယ်မြေအတွင်း၌ အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ် လိုက်သည်-

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း။

(ခ) သဘာဝနယ်မြေအတွင်းအဆိပ်အတောက်ဖြစ်စေသော ပစ္စည်း ကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း။

(ဂ) သဘာဝနယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း။

(ဃ) ကာကွယ်ထားသည့် တိရစ္ဆာန်များအပါအဝင် မည်သည့် တောရိုင်း တိရစ္ဆာန်ကိုမျှ၊ သဘာဝနယ်မြေအတွင်းသော်လည်းကောင်း၊ သဘာဝ နယ်မြေနှင့်ထိစပ် ဆက်စပ်နေသည့် နေရာဒေသအတွင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်း တိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထား ခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း။

(င) သဘာဝနယ်မြေအတွင်း မည်သည့် သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ် ပိုင်ဆိုင်ခြင်း။

(စ) သဘာဝနယ်မြေအတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝ အနေအထားတည်ရှိမှု တစ်ခုခုကိုဖြစ်စေ ဖျက်ဆီး ခြင်း။

(ဆ) လူတို့မွေးမြူထားသော တိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ် ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း။

(ဇ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်း တစ်ခုခု လုပ်ကိုင်ခြင်း။

(ဈ) အများပြည်သူ ကြည့်ရှု လေ့လာအပန်းဖြေခွင့် ပြုထားသည့် နေရာများမှ အပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက် ခြင်း။

(ည) ဘေးမဲ့တောအတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွေးခြင်း၊ မီးဖို ခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန် ထားရှိခြင်း။

<u>**ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**</u>

၃။ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အခွင့်ရသူ၏ အကြောင်းအရာ | ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | | |

၄။ ဖော်ပြပါ ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို အစိုးရက ကြီးကြပ်နိုင်ခွင့်ရှိ၍ လုပ်ကိုင်သည့် လယ်၊ ယာ၊ ဥယျာဉ်၊ ခြံမြေများ ပေါ်တွင် သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း သစ်တောဦးစီးဌာနက အခွန်တော်ကောက်ခံ ခွင့်ရှိသည်။ အဆိုပါ ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို ရရှိသူများသည် အောက် ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာ ကျင့်သုံးရမည်-

(က) ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို အမည်ဖြင့် ဖော်ပြထား သူများသာ ခံစားခွင့်ရှိ၍ ၎င်းတို့မှ ဆင်းသက်သူများနှင့် မသက်ဆိုင်စေရ။

( ခ) လုပ်ကိုင်ခွင့်ရရှိသည့် လယ်၊ ယာ၊ ဥယျာဉ်၊ ခြံမြေကို အသစ် တိုးချဲ့ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ဖလှယ်ခြင်း မပြုလုပ်ရ။

( ဂ) ထင်း၊ ခြံတိုင်နှင့် ဝါးများကို မိမိသုံးအတွက် ခွင့်ပြုခြင်း ဖြစ်ပါက တစ်ဆင့်ပြန်လည်ရောင်းချခြင်း မပြုရ။

၆။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန်ပျက်ကွက်ခြင်းများရှိပါက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေအရ အရေးယူခြင်းခံရမည်။

(ပုံ)---------------------

( )

ပြည်ထောင်စုဝန်ကြီး

## သစ်တောကြေးတိုင်ပုံစံ - ၁

---------------- ခုနှစ်၊ ----------------- လ၊ ( )ရက်စွဲပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ( / )အရ ခန့်ထားသည့် ကြေးတိုင်အရာရှိက ထုတ်ပြန်သောကြေညာချက်။

## သက်ဆိုင်သူအားလုံးသိစေရန် ကြေညာလိုက်သည်။

၁။ အောက်ဖော်ပြပါ နယ်နိမိတ်အတွင်းရှိ အစိုးရဌာန သို့မဟုတ် အစိုးရ အဖွဲ့အစည်း တစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင် ကျရောက်ပါဝင်သောမြေကို "______________ __________________"အမည်ဖြင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေပုဒ်မ ၈ အရ သဘာဝ နယ်မြေအဖြစ် ဖွဲ့စည်းတည်ထောင်ရန် ရည်ရွယ်ပါသည်။

နယ်နိမိတ်တည်နေရာမှာ အောက်ပါအတိုင်းဖြစ်သည်-

မြောက်ဘက်။ ။ ------------------------------------------------------------------
-----------------------------------------------------------------။

အရှေ့ဘက်။ ။ ------------------------------------------------------------------
-----------------------------------------------------------------။

တောင်ဘက်။ ။ ------------------------------------------------------------------
-----------------------------------------------------------------။

အနောက်ဘက်။ ။ ------------------------------------------------------------------
-----------------------------------------------------------------။

<u>ချွန်လုပ်ကွက်နယ်နိမိတ် (ရှိပါက)</u>

မြောက်ဘက်။ ။ -----------------------------------------------------------
-----------------------------------------------------------။

အရှေ့ဘက်။ ။ -----------------------------------------------------------
-----------------------------------------------------------။

တောင်ဘက်။ ။ -----------------------------------------------------------
-----------------------------------------------------------။

အနောက်ဘက်။ ။ -----------------------------------------------------------
-----------------------------------------------------------။

ထိုသဘာဝနယ်မြေကို "____________________" ဟု ခေါ်တွင် စေရမည်။ ခန့်မှန်းခြေ ဧရိယာအကျယ်အဝန်း ( )ဧက၊ ( )စတုရန်းမိုင် ခန့် ရှိပါသည်။

၂။ ဤကြေညာချက်ကို ထုတ်ပြန်သည့်နေ့မှစ၍ အထက်ဖော်ပြပါ နယ်နိမိတ်အတွင်းရှိ နယ်မြေဒေသကို သဘာဝနယ်မြေအဖြစ် ပြဌာန်းပြီးကြောင်း အပြီးသတ်အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်း မပြုမီအချိန်အတွင်း ယင်းမြေပေါ်တွင် အမွေဆက်ခံခွင့်အရ သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အစိုးရ သို့မဟုတ် ၎င်း၏ကိုယ်စားချထားပေးသည့် အပိုင်ပတ္တာ သို့မဟုတ် ပဋိညာဉ်စာချုပ်အရ သို့မဟုတ် ဤကြော်ငြာစာထုတ်ပြန်သည့် နေ့တွင် ဆိုင်ရာဆိုင်ခွင့် တစ်စုံတစ်ရာကို ခွင့်ပြုရန်အတွက် အာဏာအပ်နှင်းခြင်းခံရသူ၏ ခွင့်ပြုချက်အရမှတစ်ပါး မည်သည့်ဆိုင်ရာဆိုင်ခွင့်ကို မည်သူတွင်မျှ မရှိစေရ။ ထို့အပြင် အောက်တွင်လက်မှတ်ရေးထိုးထားသူ သစ်တောကြေးတိုင်အရာရှိ သို့မဟုတ် ၎င်းအားဆက်ခံသူ၏ ခွင့်ပြုချက်မှ တစ်ပါး အထက်ဖော်ပြပါမြေပေါ်တွင် အိမ်ရာ အသစ်ဆောက်လုပ်ခြင်း၊ စိုက်ခင်းတည်ထောင်ခြင်း၊ တောင်ယာစိုက်ပျိုးရန်မှအပ လယ်ယာစိုက်ပျိုးရန် နှင့် အခြားကိစ္စတစ်စုံတစ်ရာအတွက် တောခုတ်ထွင်ရှင်းလင်းခြင်း၊ ရောင်း ဝယ်ဖောက်ကားရန်အတွက် သစ်ပင်ခုတ်လှဲခြင်းတို့ကို မပြုလုပ်ရ။ သို့သော် ယင်းနယ်မြေကို အပြီးသတ်အနေဖြင့် သဘာဝနယ်မြေ သတ်မှတ်ခြင်း မပြုမီအတွင်း ထိုနယ်မြေပေါ်တွင် တောင်ယာစိုက်ပျိုးလုပ်ကိုင်လေ့ရှိသူအား တရားသဖြင့် တောခုတ်ထွင် ရှင်းလင်းခြင်းကိုမူ တားမြစ်လိမ့်မည် မဟုတ်။

၃။ အထက်ဖော်ပြပါနယ်မြေကို သဘာဝနယ်မြေအဖြစ် ဖွဲ့စည်းပြီးသည့် အခါ အောက်ပါအကျိုးအပြစ်များသက်ရောက်စေလိမ့်မည်-

(က) အောက်တွင် လက်မှတ်ရေးထိုးသူ သစ်တောကြေးတိုင်အရာရှိ သို့မဟုတ် ၎င်းအား ဆက်ခံသူထံသို့ တင်ပြအရေးဆိုခြင်း မပြု သည့် ဆိုင်ရာဆိုင်ခွင့်များမှာ သဘာဝနယ်မြေအဖြစ် ကြေညာသည့် အမိန့်ကြော်ငြာစာမထုတ်မီ အောက်ပါအပိုဒ် ၄ တွင် သတ်မှတ်ထားသော အချိန်အတွင်း တင်ပြအရေးဆိုခြင်း မပြုလျှင် ပျက်ပြယ်ပြီး ဖြစ်စေလိမ့်မည်။

(ခ) အဆိုပါနယ်မြေကို သဘာဝနယ်မြေအဖြစ် ကြေညာပြီးနောက် ယင်းမြေတွင် အမွေဆက်ခံခွင့်အရဖြစ်စေ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သို့မဟုတ် ၎င်း၏ကိုယ်စားချထားပေးသည့် အပိုင်ပတ္တာ သို့မဟုတ် ပဋိညာဉ်စာချုပ်အရဖြစ်စေ၊ ဤကြေညာချက် ထုတ်ပြန်သည့်နေ့တွင် ဆိုင်ရာဆိုင်ခွင့်တစ်စုံတစ်ရာကို ခွင့်ပြုရန်အတွက် အာဏာအပ်နှင်းခြင်းခံရသူ၏ ခွင့်ပြုချက်အရဖြစ်စေ၊ ရရှိသည့် အခွင့်အရေးမှ တစ်ပါးမည်သည့်ဆိုင်ရာဆိုင်ခွင့်ကိုမျှ ရပိုင်ခွင့်မရှိစေရ။

(ဂ) အဆိုပါ အမိန့်ကြော်ငြာစာအရ ခွင့်ပြုသည့် စားကျက်ချပိုင်ခွင့် သို့မဟုတ် သစ်တောထွက်ပစ္စည်းထုတ်ယူခြင်း သို့မဟုတ် သဘာဝသယံဇာတ တစ်မျိုးမျိုးကိုထုတ်ယူခြင်း သို့မဟုတ် အပိုင်ပတ္တာအနေဖြင့်လည်းကောင်း၊ အပေါင်အနှံအနေဖြင့်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း၊ အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ ဆက်ခံပိုင်ခွင့် သို့မဟုတ် လွှဲပြောင်းပေးအပ် ခွင့်မရှိစေရ။ သို့သော် ထိုစားကျက်ချခွင့် သို့မဟုတ် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့် သို့မဟုတ် သဘာဝသယံဇာတ တစ်မျိုးမျိုးကို ထုတ်ယူခွင့်သည်မြေ သို့မဟုတ် အိမ်နှင့်စပ်လျဉ်း၍ အကျိုးဖြစ်ထွန်းစေရန် ခွင့်ပြုခဲ့ပါမူ ထိုသို့ဆိုင်ရာမြေ သို့မဟုတ် အိမ်ကိုဆိုခဲ့သည့် အခွင့်အမိန့်မရှိဘဲ ရောင်းချပိုင်ခွင့် သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းပေးခွင့်ရှိသည်။ ယင်းအမိန့်ကြော်ငြာစာတွင် သစ် သို့မဟုတ် အခြား သစ်တောထွက်ပစ္စည်း သို့မဟုတ် သဘာဝသယံဇာတပစ္စည်းတစ်မျိုးမျိုး ထုတ်ယူခွင့်ပြုရာ၌ မည်၍မည်မျှအား ရောင်းပိုင်ခွင့် သို့မဟုတ် ဖလှယ်ပိုင်ခွင့် ရှိကြောင်း ဖော်ပြ ပါရှိရပါမည်။

(ဃ) အစိုးရ၏ ကြိုတင် ခွင့်ပြုချက်ဖြင့် သော်လည်းကောင်း သို့မဟုတ် အာဏာရအရာရှိ အမိန့်ဖြင့်သော်လည်းကောင်း ယင်းသဘာဝနယ်မြေ အတွင်း အများပြည်သူနှင့် သက်ဆိုင်သော သို့မဟုတ် တစ်ဦးတစ်ယောက် တည်းနှင့်သက်ဆိုင်သော လမ်း သို့မဟုတ် ရေကြောင်းသွားလာခွင့်တို့ကို ပိတ်ပင်ခွင့်ရှိသည်။ သို့သော် ထိုသို့ပိတ်ပင်သည့် လမ်း သို့မဟုတ် ရေကြောင်းသွားလာခွင့်အတွက် အစိုးရကသင့်လျော်သည်ဟု ယူဆသော အခြားလမ်း သို့မဟုတ် ရေကြောင်း သွားလာခွင့် ရှိပြီး ဖြစ်စေရမည်။

(င) မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ အရေးယူ ခြင်းခံရမည်-

(၁) အဆောက်အအုံအသစ်ဆောက်လုပ်ခြင်း။

(၂) တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ အနာတရ ဖြစ်စေခြင်း၊ တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းများကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်း ခြင်းနှင့် သဘာဝအပင်နှင့် သစ်တောထွက်ပစ္စည်းများ ဖျက်ဆီးခြင်း၊ ခုတ်လှဲခြင်း၊ ထုတ်ယူခြင်း၊ စုဆောင်းခြင်း။

(၃) မြေတူးခြင်း၊ မြေရှင်းလင်းခြင်း။

(၄) သစ်ပင်သီးနှံစိုက်ပျိုးခြင်း။

(၅) စားကျက်မြေအဖြစ် အသုံးပြုခြင်း။

(၆) မီးရှို့ခြင်း။

(၇) ငါးဖမ်းခြင်း။

(၈) အမဲလိုက်ခြင်း။

(ဇ) ရေထု၊ လေထု ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တု အညစ်အကြေးများကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ် ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း။

( စ) လယ်ယာစိုက်ပျိုးလုပ်ကိုင်ရန်ဖြစ်စေ၊ အခြားကိစ္စအတွက် ဖြစ်စေ၊ မြေကိုခုတ်ထွင် ရှင်းလင်းလျှင် တည်ဆဲဥပဒေပါ ပြစ်ဒဏ်များ ကျခံရမည့်အပြင် ဆုံးရှုံးသည့် သစ်တောနှင့် သဘာဝသယံဇာတများအတွက်လျော်ကြေးကို တရားရုံးက စီရင်ဆုံးဖြတ်သည့်အတိုင်း ပေးဆောင်ရမည်။ သို့ရာတွင် အောက်ပါအခြေအနေ တစ်ရပ်ရပ်ကြောင့် ဆောင်ရွက်ခြင်း ဖြစ်ပါက ပြစ်ဒဏ်များကျခံရန်မလိုပါ-

(၁) အစိုးရက ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ သို့မဟုတ် အာဏာရ သစ်တောအရာရှိ၏ ခွင့်ပြုချက်ဖြင့် ဆောင် ရွက်ခြင်း။

(၂) သဘာဝနယ်မြေအဖြစ် ကြေညာသည့် အမိန့်ကြော်ငြာစာ အရ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း။

(၃) အမိန့်ကြော်ငြာစာအရ ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်များ အရ ဆောင်ရွက်ခြင်း။

( ဆ) သဘာဝနယ်မြေအတွင်း အမိန့်ကြော်ငြာစာအရ ဆိုင်ရာ ဆိုင်ခွင့်ရရှိသူ သို့မဟုတ် စားကျက်ချခွင့်ရရှိသူ သို့မဟုတ် ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ၎င်းသူတို့ စေခိုင်းသူ မည်သူမဆို တမင်သက်သက် ကျူးလွန်လိုသည့် သဘောနှင့်ဖြစ်စေ၊ ပေါ့ဆမှုကြောင့်ဖြစ်စေ သဘာဝနယ်မြေ အတွင်း မီးလောင်စေလျှင်လည်းကောင်း၊ အထက်အပိုဒ် (င)ပါ ပြစ်မှုများကိုလည်းကောင်း ကျူးလွန်ခဲ့လျှင် အမှုနှင့်စပ်လျဉ်း၍ ဥပဒေအရချမှတ်သည့် ပြစ်ဒဏ်များကို ကျခံရပြီး ဖြစ်စေကာမူ၊ အစိုးရက ယင်းသဘာဝနယ်မြေ တစ်ခုလုံးတွင်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသတွင်ဖြစ်စေ ဆိုင်ရာဆိုင်ခွင့် သို့မဟုတ် စားကျက်ချခွင့် သို့မဟုတ် လုပ်ကိုင်ခွင့်ကို ပယ်ဖျက်ရန် သို့မဟုတ် သင့်လျော်မည်ထင်သည့် ကာလအပိုင်း အခြားအတွင်း ရပ်ဆိုင်းထားရန် အစိုးရတွင်အာဏာ ရှိသည်။

၄။ အထက်တွင် သတ်မှတ်ဖော်ပြထားသည့် နယ်မြေဒေသပေါ်တွင် သို့မဟုတ် သစ်တောထွက် ပစ္စည်းအပေါ်တွင် သို့မဟုတ် သဘာဝသယံဇာတ ပစ္စည်းတစ်မျိုးမျိုး အပေါ်တွင် စိတ်ဝင်စားသူများသည် ဆိုင်ရာဆိုင်ခွင့် ရရှိရေးအတွက် အရေးဆိုခြင်း သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိရန်အတွက် အရေး ဆိုခြင်းစသည်တို့ကို ________ခုနှစ်၊ ____________လ၊ _______ ရက်နေ့ မတိုင်မီ စာဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင် သော်လည်းကောင်း၊ အောက်တွင် လက်မှတ်ရေးထိုးထားသူ သစ်တောကြေးတိုင်အရာရှိ သို့မဟုတ် ၎င်းအားဆက်ခံသူထံသို့ တင်သွင်းလျှောက်ထား ကြရမည်။

သစ်တောကြေးတိုင်အရာရှိ

( )

စာအမှတ်၊

ရက် စွဲ ၊ ခုနှစ်၊ လ ရက်

<u>သစ်တောကြေးတိုင်ပုံစံ - ၂</u>

ဤပုံစံကို အောက်ပါကိစ္စများအတွက် အသုံးပြုရန်ဖြစ်သည်-

(၁) ကြေညာချက်ကို မည်သို့ထုတ်ပြန်ကြောင်းနှင့် မည်သို့ရှင်းလင်းခဲ့ကြောင်း ဖော်ပြရန်။

(၂) ဆိုင်ရာဆိုင်ခွင့် လျှောက်ထားချက်အမှတ်_______________ အတွက် သက်သေထွက်ဆိုချက် ရေးမှတ်ရန်။

(၃) သစ်တောကြေးတိုင်အရာရှိ၏ အစီရင်ခံစာရေးသားရန်။

(၄) မြို့နယ်သစ်တောအရာရှိ၏ မှတ်ချက်ရေးသားရန်။

(၅) မြို့နယ်မြေစာရင်းဦးစီးမှူး၏ မှတ်ချက်ရေးသားရန်။

(၆) ခရိုင်သစ်တောအရာရှိ၏ မှတ်ချက်ရေးသားရန်။

(၇) ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၏ မှတ်ချက်ရေးသားရန်။

(၈) တိုင်းဒေသကြီး၊ ပြည်နယ်သစ်တောအရာရှိ၏ မှတ်ချက်ရေးသား ရန်။

(၉) တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၏ မှတ်ချက်ရေးသားရန်။

<u>သစ်တောကြေးတိုင်ပုံစံ - ၃</u>

**(စာမျက်နှာ - ၁)**

**ဆိုင်ရာဆိုင်ခွင့်လျှောက်ထားချက်အမှတ်စဉ် ____________**

| စဉ် | အမည် | အဘအမည် | အသုံးပြုမြေ အမျိုးအစား (ဧက) | နေရပ် |
|---|---|---|---|---|
| | | | | |

အထက်ပါ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားချက်အား စစ်ဆေးပြီး၍ မှန်ကန်ကြောင်း အောက်တွင် လက်မှတ်ရေးထိုးပါသည်။

| (သစ်တောကြေးတိုင်အရာရှိ) | (ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး) |
|---|---|
| အမည်၊ ____________________ | အမည်၊ ____________________ |
| ရာထူး၊ ____________________ | ရာထူး၊ ____________________ |
| ဌာန/နေရာ၊ ________________ | ဌာန/နေရာ၊ ________________ |
| ရက်စွဲ၊ ____________________ | ရက်စွဲ၊ ____________________ |

သစ်တောကြေးတိုင်ပုံစံ - ၃

**(စာမျက်နှာ - ၂)**

ဆိုင်ရာဆိုင်ခွင့်တောင်းဆိုသည့်အချက်များ **သစ်တောကြေးတိုင်အရာရှိအမိန့်**

| | |
|---|---|
| (၁) | |
| (၂) | |
| (၃) | |

| | |
|---|---|
| (၁) | |
| (၂) | |
| (၃) | |

ဆိုင်ရာဆိုင်ခွင့်လျှောက်ထားသူ သို့မဟုတ် ၎င်း၏ကိုယ်စား သိစေရန်မှာ အထက်ပါအမိန့်များကို အစိုးရက ပြန်လည်ပြင်ဆင်လိုလျှင် ပြင်ဆင်နိုင်သည့်အလျောက် ထိုအမိန့်များနှင့်ပတ်သက်၍ ယနေ့မှသုံးလအတွင်း ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနထံသို့ အယူခံနိုင်ခွင့်ရှိသည်။

အယူခံလွှာကို အထက်ပါအယူခံမှု လက်ခံစစ်ဆေးမည့်သူထံသို့ တိုက်ရိုက် ထိုအမိန့်များနှင့်ပတ်သက်၍ ယနေ့မှသုံးလအတွင်း ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့်သစ်တောရေးရာဝန်ကြီးထံ အယူခံ နိုင်ခွင့်ရှိသည်။

အယူခံလွှာကို အထက်ပါအယူခံမှု လက်ခံစစ်ဆေးမည့်သူထံသို့ တိုက်ရိုက်ဖြစ်စေ၊ ကျွန်ုပ်ထံမှတစ်ဆင့်ဖြစ်စေ တင်သွင်းနိုင်သည်။

သစ်တောကြေးတိုင်အရာရှိ

( )

**နေရာ၊**_______________။

**ရက်စွဲ၊**_______________။

<u>သစ်တောကြေးတိုင်ပုံစံ - ၄</u>

## အစိုးရက ခွင့်ပြုရန် ထောက်ခံတင်ပြသည့် လျော်ကြေးငွေစာရင်း

| အမှတ်စဉ် | ဆိုင်ရာဆိုင်ခွင့်လျှောက်ထားချက်အမှတ်(        ) | လျော်ကြေးငွေပေးရန်အတွက်ထောက်ခံခြင်းခံရသူ၏အမည် | ထောက်ခံသည့်ငွေပေါင်း |
|---|---|---|---|
| | | | |

သစ်တောကြေးတိုင်အရာရှိ

(                                        )

နေရာ၊_______________။

ရက်စွဲ၊_______________။

<u>သစ်တောကြေးတိုင်ပုံစံ - ၅</u>

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**
**အမိန့်ကြော်ငြာစာအမှတ်၊ (          /          )**
**နေပြည်တော်၊ ________ခုနှစ်၊ __________ လ၊ _____ရက်**

**( ________ခုနှစ်၊______________ လ၊ _____ရက်)**

<u>သဘာဝနယ်မြေဖွဲ့စည်းခြင်း</u>

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၄ ခုနှစ်တွင် ထုတ်ပြန်သည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ ပုဒ်မ - ၈၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍--------------တိုင်းဒေသကြီး/ပြည်နယ်၊ -----------ခရိုင်၊ -------------မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း(----------------)စတုရန်းမိုင်ရှိသည့်နယ်မြေကို ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန် အလို့ငှာ "----------------" အဖြစ် (မြန်မာသက္ကရာဇ်) ---------- ခုနှစ်၊ ------------- လ၊ (     ) ရက်၊ (ခရစ်သက္ကရာဇ်) (-------- ခုနှစ်၊ ------------- လ၊ ----- ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

<u>နယ်နိမိတ်လားရာဖော်ပြချက်</u>

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မြောက်ဘက်။ ။------------------------------------------------------------
------------------------------------------------------။

အရှေ့ဘက်။ ။------------------------------------------------------------
------------------------------------------------------။

တောင်ဘက်။ ။------------------------------------------------------------
------------------------------------------------------။

အနောက်ဘက်။ ။--------------------------------------------------------------

-------------------------------------------------------။

ချုန်လုပ်ကွက်နယ်နိမိတ် (ရှိပါက)

မြောက်ဘက်။ ။--------------------------------------------------------------

-------------------------------------------------------။

အရှေ့ဘက်။ ။--------------------------------------------------------------

-------------------------------------------------------။

တောင်ဘက်။ ။--------------------------------------------------------------

-------------------------------------------------------။

အနောက်ဘက်။ ။--------------------------------------------------------------

-------------------------------------------------------။

တားမြစ်ချက်များ

၂။ “----------------------”အဖြစ် သတ်မှတ်သည့်နယ်မြေအတွင်း၌ အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း။

(ခ) သဘာဝနယ်မြေအတွင်းအဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း။

(ဂ) သဘာဝနယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း။

(ဃ) ကာကွယ်ထားသည့် တိရစ္ဆာန်များအပါအဝင် မည်သည့် တောရိုင်းတိရစ္ဆာန်ကိုမျှ၊ သဘာဝနယ်မြေ အတွင်းသော်လည်းကောင်း၊ သဘာဝနယ်မြေနှင့်ထိစပ် ဆက်စပ်နေသည့် နေရာဒေသအတွင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း။

(င) သဘာဝနယ်မြေအတွင်း မည်သည့် သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ် ပိုင်ဆိုင်ခြင်း။

(စ) သဘာဝနယ်မြေအတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝ အနေ အထားတည်ရှိမှု တစ်ခုခုကိုဖြစ်စေ ဖျက်ဆီး ခြင်း။

(ဆ) လူတို့မွေးမြူထားသော တိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ် ကျောင်း ခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း။

(ဇ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်း တစ်ခုခု လုပ်ကိုင်ခြင်း။

(ဈ) အများပြည်သူ ကြည့်ရှု လေ့လာအပန်းဖြေခွင့် ပြုထားသည့် နေရာများမှ အပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက် မရှိဘဲ ကျူးကျော်ဝင် ရောက်ခြင်း။

(ည) ဘေးမဲ့တောအတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွေးခြင်း၊ မီးဖို ခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန် ထားရှိခြင်း။

**<u>ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ</u>**

၃။ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အခွင့်ရသူ၏ အကြောင်းအရာ | ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | | |

၄။ ဖော်ပြပါ ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို အစိုးရက ကြီးကြပ် နိုင်ခွင့်ရှိ၍ လုပ်ကိုင်သည့် လယ်၊ ယာ၊ ဥယျာဉ်၊ ခြံမြေများ ပေါ်တွင် သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း သစ်တောဦးစီးဌာနက အခွန်တော် ကောက်ခံခွင့်ရှိသည်။ အဆိုပါ ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို ရရှိသူများသည် အောက်ဖော်ပြပါ စည်းကမ်းချက် များနှင့်အညီ လိုက်နာ ကျင့်သုံးရမည်-

(က) ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို အမည်ဖြင့် ဖော်ပြထားသူများသာ ခံစားခွင့်ရှိ၍ ၎င်းတို့မှ ဆင်းသက်သူများနှင့် မသက်ဆိုင်စေရ။

( ခ) လုပ်ကိုင်ခွင့်ရရှိသည့် လယ်၊ ယာ၊ ဥယျာဉ်၊ ခြံမြေကို အသစ်တိုးချဲ့ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ဖလှယ်ခြင်း မပြုလုပ်ရ။

( ဂ) ထင်း၊ ခြံတိုင်နှင့် ဝါးများကို မိမိသုံးအတွက် ခွင့်ပြုခြင်း ဖြစ်ပါက တစ်ဆင့် ပြန်လည်ရောင်းချခြင်း မပြုရ။

၆။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန်ပျက်ကွက်ခြင်းများရှိပါက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေအရ အရေး ယူခြင်းခံရမည်။

(ပုံ)----------------------

( )

ပြည်ထောင်စုဝန်ကြီး